Fortify Rights

အနှစ်ချုပ်အစီရင်ခံစာ

သွားလာဆက်သွယ်ခွင့် ပိတ်ဆို့မှု-

မြန်မာအာဏာသိမ်းစစ်တပ်၏ ကရင်နီ(ကယား) ပြည်နယ်အတွင်း ကယ်ဆယ်ရေးအကူအညီများအား ကန့်သတ် ပိတ်ပင်ခြင်း

investigate
engage
strengthen

နိုဝင်ဘာ
၂၀၂၁

FORTIFY RIGHTS

အဖုံး

၂၀၂၁ အောက်တိုဘာလ ကရင်နီပြည်နယ်ရှိ ဒီမောဆိုးမြို့နယ်ထဲမှ ကုန်းသာရွာအနီးတွင် ကားမှန်အတွင်းမှနေပြီး လှမ်းမြင်နေရသော လောင်ကျွမ်းထားပြီးဖြစ်သည့် ယာဉ်တစ်စီး၏ အကြွင်းအကျန်များကို တွေ့ရစဉ်။ မြန်မာစစ်တပ်သည် ထို ယာဉ်ကို ပစ်ခတ်ခဲ့ပြီးနောက် မီးရှို့ခဲ့ကြသည်။ ထိုဖြစ်စဉ်အတွင်း ကရင်နီပြည်သူနှစ်ယောက်မှာလည်း အသက်ဆုံးရှုံးခဲ့ကြသည်ဟု ပြောကြသည်။ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းမှုဖြစ်သည့်နေ့ကစပြီး မြန်မာစစ်တပ်သည် ကရင်နီပြည်နယ်အတွင်းတွင် ဆေးဘက်ဆိုင်ရာအဆောက်အအုံများ၊ လူနာတင်ယာဉ်များ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အဦးများအပါအဝင် အရပ်သားပြည်သူများ၏ ပစ္စည်းများကို သိမ်းပိုက်၊ ဖျက်စီး၊ မီးရှို့ပြီး လုယူခဲ့ကြသည်။ ©မောက်ခမ်းဝါ၊ အောက်တိုဘာလ၊ ၂၀၂၁ ခုနှစ်

FORTIFY
RIGHTS

Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေးရရှိကြောင်း သေချာအောင် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့်အာဏာ ရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက်လူထုတို့၏လုပ်ငန်းများ အားကောင်းအောင်ဆောင်ရွက်ပေးသည်။ မိမိတို့အနေဖြင့် အထောက်အထားအခြေပြုသုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအားနှင့် တစ်သီးပုဂ္ဂလများ၊ လူထုအသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက် တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်း စသည်တို့၏ လွှမ်းမိုးနိုင်မှုအပေါ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန် ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

မာတိကာ

မြန်မာနိုင်ငံနှင့် ကရင်နီပြည်နယ်မြေပုံများ **6**

အကျဉ်းချုပ် **8**

အဓိက အကြံပြုချက်များ 12

Methodology (နည်းလမ်း) **14**

I. လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် လူသားချင်းစာနာသည့် အကူအညီများကို ပိတ်ပင်ကန့်သတ်ခြင်း **15**

ကူညီကယ်ဆယ်ရေးလုပ်သားများကို တရားလက်လွတ်ဖမ်းစီခြင်းနှင့် ဖမ်းချုပ်ထိန်းသိမ်းထားခြင်း 16

သိုလှောင်ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် စစ်တပ်နှင့် မသက်ဆိုင်သည့်ပစ္စည်းများကို ဖျက်စီးခြင်း 17

စစ်တပ်စစ်ဆေးရေးဂိတ်များတွင် အကူအညီပစ္စည်းများကိုပိတ်ပင်ခြင်း (သို့) ကန့်သတ်တားမြစ်ခြင်း 18

အကူအညီပစ္စည်းများဖြန့်ဝေရန် ခွင့်ပြုမိန့်ကို အချိန်ဆွဲထားခြင်း (သို့) ပယ်ချခြင်း၊ 20

II. ကရင်နီပြည်နယ်ရှိ ဒုက္ခသည်များအပေါ် ကူညီကယ်ဆယ်ရေးကန့်သတ် ပိတ်ပင်ခြင်း၏ ရိုက်ခတ်မှုများ **23**

III. နိုင်ငံတကာ ဥပဒေမူဘောင် **27**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်သားများ လွတ်လပ်စွာ သွားလာပိုင်ခွင့်နှင့် အနှိပ်အကွပ်မှ ကင်းလွတ်ပိုင်ခွင့် 28

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရန်ဆောင်ရွက်ခြင်း . . . 29

အကြံပြုချက်များ **31**

မြန်မာစစ်အာဏာသိမ်းအစိုးရအား အကြံပြုခြင်း 31

အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အကြံပြုခြင်း 31

အမျိုးသားညီညွတ်ရေးအစိုး(NUG)နှင့် ကရင်နီပြည်နယ်ရှိ သက်ဆိုင်ရာအစိုးရမဟုတ်သည့် အဖွဲ့စည်းများအား အကြံပေးခြင်း. 32

မြန်မာနိုင်ငံနှင့် ကရင်နီပြည်နယ်မြေပုံများ



Source: UNOCHA MYANMAR Humanitarian Update No. 11, October 1, 2021


Karenni (Kayah) State
Areas of internal displacement
Main Roads
Other Roads
Myanmar Army Outposts
Myanmar Army Bases and Operational Command
Board Guard Force and Militia Outposts
Loilen Lay
Loikaw
Nan Mei Khon
Loikaw
Shadaw
Law Pi Ta
Shan
Demoso
Demoso
Shadaw
Hpruso
Hpruso
Bawlake
Ywarthit
Bawlakhe
Karen (Kayin)
Thailand
Hpasawng
Hpasawng
Mese
Mese
MYANMAR
Sources:
Karenni Civil Society Network Briefer 10;
MIMU - Kayah State

နိုင်ငံတစ်ကာအဖွဲ့အစည်းတစ်ခုဖြစ်သော Partners Relief & Development သည် ဆန်နှင့် အခြား မရှိမဖြစ်ပစ္စည်းအပါအဝင် အကူအညီများကို ၂၀၂၁ ခုနှစ် ဇွန်လတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် အမည်မဖော်ပြထားသော နေရာတစ်ခုတွင် စစ်ဘေးရှောင်နေကြရသော ကရင်နီပြည်သူများထံသို့ ပေးပို့ပေးနေစဉ်။ ©Partners Relief & Development၊ ဇွန်လ၊ ၂၀၂၁ ခုနှစ်

အကျဉ်းချုပ်

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ မြန်မာနိုင်ငံရှိ စက်ဆုပ်ဖွယ် အာဏာသိမ်းမှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် မြန်မာ့အာဏာသိမ်းစစ်တပ်သည် ကရင်နီပြည်နယ် (ကယားပြည်နယ်)ရှိ အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများနှင့် အရပ်သားပြည်သူလူထုများကို တိုက်ခိုက်မှုများစတင်ခဲ့ရာ အရပ်သားပြည်သူ ၁၀၀,၀၀၀ ကျော် နေအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ အာဏာသိမ်းစစ်တပ်သည် ကရင်နီပြည်သူများကို သတ်ဖြတ်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် တရားလက်လွတ်ဖမ်းစီးခြင်းများ ပြုလုပ်ခဲ့သလို လူသားဒိုင်းကာအပါအဝင် အတင်းအဓမ္မစေခိုင်းမှုများလည်း ပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အာဏာသိမ်းစစ်တပ်သည် အမျိုးသမီး၊ အမျိုးသားများနှင့် ကလေးသူငယ်များ သေရေးရှင်ရေးတမျှ အလိုရှိနေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပိတ်ပင်တားစီးခဲ့သည်။

အာဏာသိမ်းစစ်တပ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်သားများကို အကြောင်းမဲ့ဖမ်းစီးခြင်း၊ ပြည်သူများသိုလှောင်ထားရှိသည့် အစားအသောက်များနှင့် စစ်တပ်နှင့် မသက်ဆိုင်သည့် ပစ္စည်းများကို ဖျက်စီးခြင်း၊ ကရင်နီပြည်နယ်ရှိ ပြည်သူများဆီသို့ အစားအသောက်နှင့် ဆေးဝါးများပေးဝေခြင်းအား အချိန်ဆွဲထားခြင်း (သို့) ကန့်ကွက်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မည့် အဖွဲ့အစည်းများ၏ လုပ်ငန်းကိစ္စများကို ကြန့်ကြာစေခဲ့သည်။ ဤကဲ့သို့ ဆက်လက်ဆောင်ရွက် နေမှုများသည် စစ်ရာဇဝတ်မှုမြောက်နိုင်ပြီး မြန်မာ့အာဏာသိမ်းစစ်တပ်၏ နိုင်ငံတဝန်း အခြားအရပ်သား ပြည်သူများအား တိုက်ခိုက်နေမှုများနှင့်လည်း မပြောင်းမလဲ အသွင်တူလျက်ရှိသည်။

၅၂အနှစ်ချုပ်အစီရင်ခံစာသည် Fortify Rights မှ လူ့အခွင့်အရေးချိုးဖောက်ခံရမှုမှ လွတ်မြောက်ခဲ့သူများ၊ ဒုက္ခသည် (IDP)များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF)အဖွဲ့ဝင်များ၊ အာဏာသိမ်းပြီးနောက် စစ်အုပ်ချုပ်ရေးကို အံတုရန်နှင့် စစ်အစိုးရ၏တိုက်ခိုက်မှုများကို ကာကွယ်ရန် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးပေါင်း ၂၀ ကျော်ကို အခြေခံထားသည်။ Fortify Rights သည် ကရင်နီပြည်နယ်တွင် လှုပ်ရှားနေသည့် လူသားချင်းစာနာထောက်ထားရေး အေဂျင်စီများ၏ ရုံးတွင်းအချက်အလက်များနှင့် သက်သေခံစာရွက်စာတမ်းများကို ပြန်လည်ဆန်းစစ်ခဲ့ပြီး အဆိုပါကျူးလွန်မှုများ၏ ဓာတ်ပုံနှင့် ဗီဒီယို သက်သေများကိုလည်း သုံးသပ်ခဲ့ပါသည်။

သတင်းအရင်းမြစ်များအရ အာဏာသိမ်းပြီးချိန်မှစ၍ စစ်အစိုးရသည် နိုင်ငံ့တဝန်းပြည်သူပေါင်း ၉၀၀၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး UN အရင်းအမြစ်များအရ တစ်နိုင်ငံလုံးတွင် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်ပေါင်း ၂၂၃,၀၀၀ ကျော်ကို နေရပ်စွန့်၊ အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။ UN အရင်းအမြစ်များအရ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသူစုစုပေါင်းအနက် ၈၅,၀၀၀ ကျော်မှာ ကရင်နီပြည်နယ်အတွင်း၌ ဒုက္ခသည်အဖြစ်ရှိနေပြီး ကရင်နီပြည်နယ်မှ နေရပ်စွန့်ခွာခဲ့ရသူ ကျန် ၁၈,၀၀၀ ကျော်မှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရှိနေသည်။ အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့ရေးအဖွဲ့အစည်း ၁၀ ကျော်ဖြင့်ဖွဲ့စည်းထားသော Karenni Civil Society Network သည် ၂၀၂၂ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ကရင်နီပြည်နယ်အတွင်း နေရပ်စွန့်ခွာခဲ့ရသူ ၁၄၀,၀၀၀ ကျော်ကို မှတ်တမ်းတင်ခဲ့သည်။ သတင်းရင်းမြစ်များရ နိုင်ငံတဝန်း ပြည်သူ

၂၀၂၁ ခုနှစ် ကရင်နီပြည်နယ်အတွင်းရှိ အမည်မဖော်ပြထားသော နေရာတစ်ခုတွင် မိမိနေရပ်ကို စွန့်ခွာ ထွက်ပြေးနေရသော ပြည်သူများကို တွေ့ရစဉ်။ မြန်မာစစ်အစိုးရမှ နေပြီး လူသားချင်းစာနာထောက်ပံ့မှု အကူအညီများကို စနစ်တကျ ငြင်းပယ်နေမှုများကြောင့် ကရင်နီပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်နေရပ်များသည် သောက်သုံးရေ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းစေရေး ပစ္စည်း ပစ္စယများအပါအဝင် အခြေခံပစ္စည်းများ ချို့တဲ့လျက်ရှိဆဲဖြစ်သည်။ ©Free Burma Rangers၊ ၂၀၂၁

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်၏ နယ်စပ်တွင် တည်ရှိသော ဖယ်ခုံမြို့နယ် မိုးဗြဲမြို့အနီးတွင် မြန်မာစစ်တပ်ဘက်မှ တိုက်ခိုက်မှုများကို ရှောင်တိမ်းထွက်ပြေးလာသည့် မိသားစုတစ်စု ဆိုင်ကယ်မောင်းပြီး ဖြတ်သွားသည်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF: မြန်မာစစ်တပ်အရပ်သားများအပေါ် အကြမ်းဖက်ခြင်းနှင့် အာဏာသိမ်းမှုအပေါ် တုံ့ပြန်ရန်အတွက် အရပ်သားများ ဦးဆောင်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့) အဖွဲ့ဝင်တစ်ဦးမှနေပြီး ကြည့်နေစဉ်။ ©မောက်ခမ်းဝါ၊ အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်

ပေါင်း သုံးသန်းကျော်မှာ လူသားချင်းစာနာထောက်ထားသည့် အကူအညီများအရေးပေါ်လိုအပ်နေပြီး ကရင်နီပြည်နယ်ရှိပြည်သူများမှာ အလွန်ခက်ခဲသည့် အခြေအနေတွင်ရှိနေသော်လည်း ထောက်ပံ့ကူညီရေး လုပ်သားများမှာ အသက်နဲ့ လွတ်လပ်ခွင့်ကို အလွန့်အလွန် ခြိမ်းခြောက်ခံသည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။

"သူတို့က လူတိုင်း၊ ယာဉ်တိုင်းကို တားတယ်" ၂၀၂၂ အောက်တိုဘာလတွင် ကူညီကယ်ဆယ်ရေးလုပ်သား ၇ ဦးသည် စစ်အစိုးရ၏ ဖမ်းစီးမှုကိုခံခဲ့ရပြီး ယင်းအနက် ခြောက်ဦးအား နောက်ပိုင်းတွင် လွှတ်ပေးခဲ့ကြောင်း သိရှိထားသည့် ကရင်နီပြည်နယ်မှ ကယ်ဆယ်ရေးလုပ်သား တစ်ဦးက ပြောသည်။

"ဒီအခြေအနေအောက်မှာ အလုပ်လုပ်ရတာ ကျွန်တော်တို့ အကုန်လုံး ကြောက်တယ်။ ဒါပေမယ့် အတတ်နိုင်ဆုံးတော့ လုပ်ရတာပဲ" ဟူ၍ ၂၀၂၂ မေလ ၂၇ နေ့ ကရင်နီပြည်နယ် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာအနီးတွင် ကယ်ဆယ်ရေးလုပ်သား ၃ ဦးကို စစ်အစိုးမှ လက်လွတ်စပယ် ဖမ်းစီးခဲ့ခြင်းအပေါ် မှတ်ချက်ပေးသည့် အနေဖြင့် အခြားကယ်ဆယ်ရေးလုပ်သားတစ်ဦးက Fortify Rights ကိုပြောသည်။ ၂၀၂၂ အောက်တိုဘာလ ၁၈ ရက်နေ့အထိ အဆိုပါ ကူညီကယ်ဆယ်ရေးလုပ်သား ၃ ဦးမှာ ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

ကမ်းကုန်အောင်ဆိုးရွားသည့် လုပ်ရပ်များအနက် ဇွန်လ ၉ ရက်နေ့ မြန်မာစစ်တပ်မှ စစ်သားများသည် ကရင်နီနှင့် ရှမ်းပြည်နယ်အစပ် ဖယ်ခုံမြို့နယ် လွယ်ရင်းတောင်ခြေရွာရှိ စာသင်ကျောင်းတွင် သိုလောင်ထားရှိသည့် ဆန်များကို မီးရှို့ဖျက်ဆီးခဲ့မှုလည်းပါသည်။ ကူညီကယ်ဆယ်ရေး

လုပ်သားများသည် အဆိုပါသိုလောင်ထားရှိသည့် ဆန်များကို (အခုအစီရင်ခံစာကိုရေးနေသည့် အချိန်အထိ ခန့်မှန်းခြေ နေရပ်စွန့်ခွာသူပေါင်း ၃၀၀၀ ကျော်ခန့်ရှိသော) အနီးအနားမှ ဒုက္ခသည်စခန်း များသို့ ပေးဝေနေခြင်းဖြစ်သည်ဟု ကယ်ဆယ်ရေး လုပ်သားများနှင့် ဒေသခံများက Fortify Rights ကို ပြောကြားခဲ့သည်။

ကယ်ဆယ်ရေး လုပ်သားများနှင့် ဒေသခံများက ပြည်နယ်အတွင်းရှိ ဒုက္ခသည် စခန်းများသည် အစားအစာ၊ သောက်ရေ၊ ဆေးဝါး၊ ကျန်းမာရေး အစောင့်အရှောက်နှင့် အိမ်သာအသုံးအဆောင် အပါအဝင် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်များ ကင်းမဲ့လျက်ရှိနေပုံကို Fortify Rights အား တင်ပြခဲ့ကြသည်။ ဤအခြေအနေများသည်လည်း မြန်မာနိုင်ငံအတွင်း တခြားနေရာများရှိ ဒုက္ခသည် စခန်းများ၏ အခြေအနေများကို တင်ပြခြင်းပင်ဖြစ်သည်။

“ပုန်းစရာနေရာရှိပေမယ့် သောက်စရာရေမရှိဘူး” မြန်မာစစ်တပ်၏တိုက်ခိုက်မှုကြောင့် မေလတွင် ကရင်နီပြည်နယ် လွိုင်ကော်မြို့ ကယန်းသာယာရွာမှ အိမ်ကို စွန့်ခွာခဲ့ရသည့် ၃၉ နှစ် အရွယ် ကရင်နီ အမျိုးသားတစ်ဦးက ပြောသည်။ “စားစရာက ၁ ပတ် (သို့) ၂ ပတ်စာလောက်ပဲ ရှိတော့တယ်။ မလုံခြုံ တော့ဘူး၊ ကြောက်လည်း ကြောက်တယ်။ ပြီးရင် ဘယ်တော့ ထပ်တိုက်လာဦးမလဲ မသိဘူး” ဟု ဆိုသည်။

စစ်တပ်မှ ချမှတ်သည့် ပိတ်ပင်တားဆီးမှုနှင့် အရပ်သားပြည်သူအပေါ် တိုက်ခိုက်မှုများသည် ကရင်နီ ပြည်နယ် (သို့) လက်ရှိအကျပ်အတည်းမှာမှ မဟုတ်ပေ။ ဤအစီအရင်ခံစာက မခြုံငုံမိနိုင်သော်လည်း ‘သတင်းရင်းမြစ်များအရ အောက်တိုဘာလ ၂၉ ရက်နေ့တွင် မြန်မာစစ်တပ်မှ အရပ်သား အိမ်ခြေ ပေါင်း ၁၆၀ ကျော်၊ ခရစ်ယာန် ဘာသာရေးကျောင်းဆောင် ၂ ခု၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း တစ်ခု၏ ရုံးခန်း စသည်တို့ကို မီးရှို့ခဲ့သော ချင်းပြည်နယ်ရှိ ထိခိုက်ပြည်သူများဆီသို့ လက်လှမ်းမီ ရန်ကိုလည်း ကြိုးစားနေရကြောင်း ကူညီကယ်ဆယ်ရေး လုပ်သားများက Fortify Rights ကို ပြောကြားသည်။ ထိုအပြင် ကရင်နီပြည်မှ မှတ်တမ်းတင်ခဲ့သည့် ကျူးလွန်မှုများနှင့် ကန့်သတ် တားမြစ်မှုများသည် မြန်မာနိုင်ငံ၏ အခြားနေရာများ၌လည်း ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်နေဆဲဖြစ်သော ကျူးလွန်မှုများနှင့် ကန့်သတ်တားမြစ်မှုများကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ ဥပမာ ၂၀၁၈ ခုနှစ် ကချင်ပြည်နယ်တွင် စစ်ပွဲကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသည့် အရပ်သားပြည်သူများအား ပေးဝေမည့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ၌ ရှောင်လွှဲရနိုင်သည့် ကန့်သတ်တားစီးမှုများကို မှတ်တမ်းတင်ထားသော စာမျက်နှာ ၇၀ ပါအစီအရင်ခံစာ တစ်စောင်ကို “They Block Everything” ဟူသော ခေါင်းစဉ်ဖြင့် Fortify Rights မှ ထုတ်ဝေခဲ့သည်။

အရပ်သားများအပေါ် ဆက်လက်ဦးတည် တိုက်ခိုက်မှုအရှိန်မြင့်လာခြင်းသည် အရပ်သားပြည် သူများ၏ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်နှင့် ၎င်း(စစ်တပ်)၏ အတိတ်နှင့် ပစ္စုပ္ပန်ကာလအတွင်း အများပြည်သူအပေါ် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများအတွက် တာဝန်ခံစေရန် ထောင့်စုံမှ ရှုမြင်သည့်ချည်းကပ်မှုတစ်ရပ် အရေးတကြီး လိုအပ်လျက်ရှိကြောင်း မီးမောင်းထိုး ဖော်ပြနေပါသည်။

အခုအစီအရင်ခံစာရေးနေချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများသည် စစ်တပ်၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လောလောလတ်လတ် ငြင်းပယ်ကန့်သတ်ခြင်းအား တုန့်ပြန်မည့် မဟာဗျူဟာများကို ဖော်ထုတ်သတ်မှတ်လျက် ရှိသည်။ ဥပမာ၊ ၂၀၂၁ အောက်တိုဘာလ ၂၀ ရက်နေ့ အမေရိကန်ပြည်ထောင်စု State Department မှ အတိုင်အပင်ခံ Derek Chollet ၏ ထိုင်းနိုင်ငံသို့ ၂ ရက်တာ လည်ပတ်မှုအပြီး ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနမှ အမေရိကန်ပြည်ထောင်စုနှင့် ထိုင်းနိုင်ငံတို့သည် ထိုင်း-မြန်မာနယ်စပ်မှ တဆင့် မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးအပ်ရန် စဉ်စားနေကြောင်း ကြေညာခဲ့သည်။ အရှိန်မြင့်လာသည့် လူသားချင်းစာနာမှု အကူအညီဆိုင်ရာ အကျပ်အတည်းကို တားဆီးနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ လက်ငင်းလက်တွေ့ အရေးယူ ဆောင်ရွက်မှုများ လိုအပ်ပါသည်။

အဓိက အကြံပြုချက်များ

အာဆီယံနှင့် UN အဖွဲ့ဝင်နိုင်များသည် မြန်မာနိုင်ငံအတွင်း လိုအပ်နေသည့် ပြည်သူများဆီသို့ နယ်စပ်ဖြတ် အကူအညီများအား တရားဝင်ခွင့်ပြုနိုင်ရန် ထိုင်းအစိုးရကို အစောတလျင် ကူညီသင့်သည်။ ထိုနည်းတူစွာ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့မှလည်း မြန်မာနိုင်ငံအတွင်း လိုအပ်နေသည့် ပြည်သူများဆီသို့ နယ်စပ်ဖြတ် အကူအညီများ တရားဝင်ခွင့်ပြု သင့်သည်။ လူသားချင်းစာနာသည့် အလှူရှင်များနှင့် အလှူရှင် အစိုးရများသည်လည်း ဒေသခံအရပ်ဖက်အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ဦးစီးသည့် လုပ်ငန်းစဉ်များအပါအဝင် နယ်စပ်ဖြတ်ကျော်ကူညီထောက်ပံ့သည့် လုပ်ငန်းစဉ်များကို လက်ငင်းလက်တွေ့ အားပေးကူညီသင့်သည်။

အာဆီယံနှင့် UN အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအာဏာသိမ်းစစ်အစိုးရကို ကိုယ်စားပြုသူများနှင့် မည်သည့်နိုင်ငံရေး (သို့) စီပွားရေးပူးပေါင်းဆောင်ရွက်မှုကိုမဆို ရှောင်ကြဉ်သင့်ပြီး အာဏာသိမ်းအစိုးရ၏ မည်သည့်နိုင်ငံရေးတရားဝင်မှုမျိုးကိုမဆို ကန့်ကွက်သင့်သည်။ အစိုးရများအနေဖြင့် အာဏာသိမ်းအစိုးရ၏ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချခြင်းဖြင့် ဝင်ငွေရရှိနေခြင်းအပါအဝင် ဘဏ္ဍာငွေနှင့် ငွေကြေး အထောက်အပံ့များရရှိနိုင်သည့် လမ်းကြောင်းများကို ပိတ်ပင်နိုင်ရန် လိုအပ်သည့် နှစ်နိုင်ငံချင်းနှင့် နိုင်ငံစုံပါဝင်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သင့်သည်။ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ဖြင့် မြန်မာနိုင်ငံသို့ လက်နက်ရောင်းချမှုများကို တားမြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၂၁ ဇွန်လတွင်တောင်းဆိုခဲ့သည့်အတိုင်း မြန်မာစစ်တပ်အား ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ပင်ခြင်း (Global Arms Embargo) ကို အားပေးထောက်ခံသင့်သည်။

နောက်ဆုံးအနေဖြင့် UN နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကြမ်းကြုတ်ရက်စက်သည့် ရာဇဝတ်မှုများကို အဆုံးသတ်၊ တည့်မတ်ပေးနိုင်ရန် ဖြေရှင်းချက်များနှင့် တည်ဆဲနိုင်ငံတကာ တာဝန်ခံမှုဆိုင်ရာ ယန္တရားများအပေါ် မြန်မာနိုင်ငံ၏ အရပ်သားပြည်သူဦးဆောင်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နေ့တွင် ကရင်နီပြည်နယ် ဒီမောဆိုးမြို့နယ်အတွင်းရှိ ကုန်းသာကျေးရွာတွင် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာစစ်တပ်တို့အကြား ပစ်ခတ်မှုများဖြစ်ပွားနေစဉ်။ ©မောက်ခမ်းဝါ၊ စက်တင်ဘာလ၊ ၂၀၂၁ ခုနှစ်

၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အမည်မဖော်ပြထားသော စစ်ဘေးရှောင်နေရပ်တစ်ခုတွင် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Free Burma Rangers အဖွဲ့မှ ပံ့ပိုးပေးထားသည့် ဆန်ဖြင့် ထမင်းချက်နေသည့် နေရပ်တိမ်းရှောင်ထွက်ပြေးလာသူ ကရင်နီ အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။ ©Free Burma Rangers၊ အောက်တိုဘာလ၊ ၂၀၂၁ ခုနှစ်

Methodology (နည်းလမ်း)

ဤအနှစ်ချုပ်အစီရင်ခံစာသည် Fortify Rights မှ ၂၀၂၁ ဇွန်လနှင့် အောက်တိုဘာလကြား ကရင်နီပြည်နယ်ရှိ ပြည်သူများနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးပေါင်း ၂၃ ခုကို အခြေခံထားသည်။ အဆိုပါ အင်တာဗျူးများတွင် လူအခွင့်အရေးချိုးဖောက်ခံရမှုမှ လွတ်မြောက်ခဲ့သူများနှင့် မျက်မြင်သက်သေများ၊ အိုးအိမ်စွန့်ခွာခဲ့ရသည့် ဒုက္ခသည်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေး လုပ်သားများနှင့် PDF အဖွဲ့ဝင်များပါဝင်သည်။ Fortify Rights သည် ကရင်နီပြည်နယ်တွင် လုပ်ရှားနေသည့် လူသားချင်းစာနာထောက်ထားရေး အေဂျင်စီများ၏ ရုံးတွင်းအချက်အလက်များနှင့် သက်သေခံ စာရွက်စာတမ်းများကို ပြန်လည်ဆန်းစစ်ခဲ့ပြီး အဆိုပါ ကျူးလွန်မှုများ၏ ဓာတ်ပုံနှင့် ဗီဒီယို သက်သေများကိုလည်း သုံးသပ်ခဲ့ပါသည်။

Fortify Rights သည် အင်တာဗျူးအများစုကို မြန်မာဘာသာစကားဖြင့် ပြုလုပ်ခဲ့သည်။ ဤအစီရင်ခံစာအတွက် အင်တာဗျူးမေးခံရသူ တစ်ဦးတစ်ယောက်မှ အခကြေးငွေ ယူခဲ့ခြင်း မရှိပါ။ Fortify Rights သည် အင်တာဗျူးရည်ရွယ်ချက်များ၊ ယင်း၏ သဘောသဘာဝနှင့် မျှဝေခဲ့သည့် သတင်းအချက်အလက်များအား မည်သို့အသုံးပြုမည်ကို ပါဝင်ဖြေကြားသူများအား အသိပေးခဲ့သည်။ အင်တာဗျူးဖြေဆိုခဲ့သူအားလုံးသည် ဝေမျှခဲ့သည့် သတင်းအချက်အလက်များကို အသုံးပြုမည့် အနေအထားအပေါ် သဘောတူကြောင်းပြောကြားခဲ့သည်။ အာဏာသိမ်းအစိုးရ၏ တုံ့ပြန်ရန်လိုနိုင်မှုများကို ရှောင်ရှားရန် Fortify Rights မှ အစီရင်ခံစာ၌ပါရှိသော လွတ်မြောက်သူများ၊ မျက်မြင်သက်သေများနှင့် အခြားသောသူများ၏ နာမည်များကို ထိမ်ချန်ထားပါသည်။ စာမျက်နှာ အောက်ခြေပါ ရှင်းလင်းချက်၌ သီခြား အင်တာဗျူးများအဖြစ်မှတ်ယူသည့် လက်မှတ်များသည် အင်တာဗျူးဖြေဆိုခဲ့သူများ၏ လက်မှတ် အစစ်ကို ကိုယ်စားမပြုပေ။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့တွင် ကရင်နီပြည်နယ်ရှိ ဒီမောဆိုးမြို့နယ်တွင် မြန်မာစစ်တပ်နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုတွင် ကျဆုံးသွားသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး၏ အသက်မဲ့ရုပ်အလောင်းကို ထုတ်ပိုးထားသော အိတ်ကို ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ရဲဘော်များမှ သယ်ယူနေစဉ်။ ©မောက်ခမ်းဝါ၊ စက်တင်ဘာလ၊ ၂၀၂၁ ခုနှစ်

I. လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် လူသားချင်းစာနာသည့် အကူအညီများကို ပိတ်ပင်ကန့်သတ်ခြင်း

ဖေ်ဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း မြန်မာစစ်တပ်သည် ကရင်နီပြည်နယ်တွင် တိုက်ခိုက်မှုအသစ်များ စတင်ခဲ့ပြီး သောင်းချီသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို နေရပ်စွန့်ခွာစေခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများတွင်မြန်မာ့ အာဏာသိမ်းအစိုးရသည် အရပ်သားများကို သတ်ဖြတ်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် လက်လွတ်စပယ်ဖမ်းစီးခြင်းများ ပြုလုပ်ခဲ့ပြီး တချိန်တည်းတွင် လူသားဒိုင်းကာအပါအဝင် အတင်းအဓမ္မစေခိုင်းမှုများပြုလုပ်ခဲ့သည်။[1] ကရင်နီပြည်နယ်ရှိ မျက်မြင်သက်သေများနှင့် လွတ်မြောက်လာသူများသည်လည်း မြန်မာစစ်တပ်၏ ဘာသာရေးဆိုင်ရာ နေရာများနှင့် အိုးအိမ်စွန့်ခွာခဲ့ရသူများ၏ ခိုလှုံရာနေရာများ အပါအဝင် စစ်ရေးနှင့် မသက်ဆိုင်သော နေရာများအပေါ် တိုက်ခိုက်မှုများကို ဖော်ပြခဲ့ကြသည်။[2]

အဆိုပါတိုက်ခိုက်မှုများနှင့် ယင်းနောက် လူပေါင်းများစွာ အိုးအိမ်စွန့်ခွာလာရမှုသည် ကရင်နီပြည်နယ်တွင် အရေးပေါ် အသက်ကယ်ဆယ်ရေးအကူအညီဆိုင်ရာ လိုအပ်ချက်ကို မြင့်မားလာစေခဲ့သည်။ သို့ရာတွင် လိုအပ်သည့် အကူအညီများ အဆင်ပြေ ချောမွေ့စေရန်ဆောက်ရွက်ရမည့်အစား

1 ၂၀၂၁ မတ်လမှအောက်တိုဘာလအထိ လေ့လာသုတေသနပြုချက်တစ်ခုတွင် ကရင်နီပြည်နယ်ရှိ မြန်မာ့ စစ်တပ်၏ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို Fortify Rights မှ မှတ်တမ်းတင်ခဲ့သည်။ တွေ့ရှိချက်များကို နောက်ထွက်လာမည့် ထုတ်ဝေချက်များတွင် ထုတ်ပြန်ဖော်ပြသွားပါမည်။

2 Ibid.

အာဏာသိမ်းအစိုးရသည် အကူအညီပေးရေးလုပ်ငန်းစဉ်များကို ဝင်ရောက်စွက်ဖက်ပြီး နေအိမ်စွန့်ခွာခဲ့ရသည့် ပြည်သူများဆီသို့ လူသားချင်းစာနာသည့် အကူအညီများ မရောက်အောင် တားစီးခဲ့သည်။

Fortify Rights သည် လူသားချင်းစာနာသည့် ကယ်ဆယ်ရေးလုပ်သားများ အကြောင်းမဲ့ဖမ်းစီးခံခဲ့ရပုံ၊ ပြည်သူများသို့လှော်င်ထားရှိသည့် အစားအသောက်များနှင့် စစ်တပ်နှင့် မသက်ဆိုင်သည့် ပစ္စည်းများ ဖျက်စီးခံခဲ့ရပုံ၊ ကရင်နီပြည်နယ်ရှိ ပြည်သူများဆီသို့ အစားအသောက်နှင့် ဆေးဝါးများပေးဝေခြင်းအား အချိန်ဆွဲထားခြင်း (သို့) ကန့်ကွက်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မည့် အဖွဲ့အစည်းများ၏ လုပ်ငန်းကိစ္စများကို ကြန့်ကြာစေခဲ့ပုံများအား မှတ်တမ်းတင်ခဲ့သည်။ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အကူအညီပေးအပ်ခြင်း၌ အတားအစီးများဖြစ်ပေါ်စေခြင်းသည် မြောက်များစွာသောအကျိုးဆက်များကို ကြုံတွေ့စေနိုင်သလို စစ်ရာဇဝတ်မှုလည်း မြောက်နိုင်သည်။

ကူညီကယ်ဆယ်ရေးလုပ်သားများကို တရားလက်လွတ်ဖမ်းစီးခြင်းနှင့် ဖမ်းချုပ် ထိန်းသိမ်းထားခြင်း

အာဏာသိမ်းပြီးချိန်မှစ၍ အာဏာသိမ်းအစိုးရတပ်ဖွဲ့များသည် ကရင်နီပြည်နယ်အတွင်းမှ ကယ်ဆယ်ရေးလုပ်သား အနည်းဆုံး ၁၄ ယောက် ကို ဖမ်းစီးခဲ့ပြီး ယင်းအနက် ၃ ဦးမှာ ယခုအချိန်အထိ အကြောင်းမဲ့ ဖမ်းချုပ်ခံထားရဆဲဖြစ်သည်။

မေလ ၂၇ ရက်နေ့ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခု၌ မြန်မာ့အာဏာသိမ်းတပ်များက လွိုင်ကော်မြို့နယ် ပန်ကန်းရွာအနီး ကူညီဆယ်ရေးလုပ်သား ၃ ဦး (အမျိုးသမီး ၂ ဦး၊ အမျိုးသား ၁ ဦး)အား ဖမ်းစီးခဲ့ပုံကို Fortify Rights မှ မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးလုပ်သား ၃ ဦးသည် အဖမ်းခံရချိန်၌ မြန်မာနိုင်ငံသား ဦးစီးသည့် အဖွဲ့အစည်း တစ်ခု (လုံခြုံရေးအရ အဖွဲ့အမည်ကို ထိန်ချန်ထားပါသည်)၌ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ ဒေသခံကူညီကယ်ဆယ်ရေးလုပ်သားတစ်ဦးက “အခုထိ သူတို့ မလွတ်လာသေးဘူး။ ကျွန်တော်တို့ အကုန်လုံး ဒီအခြေအနေအောက်မှာ အလုပ်လုပ်ရမှာ ကြောက်တယ်ဗျ။ ဒါပေမယ့် အတတ်နိုင်ဆုံးလုပ်ရတာပဲ”ဟု Fortify Rights ကို ပြောကြားခဲ့သည်။[3] အောက်တိုဘာ ၁၈ ရက်နေ့အထိ ကူညီကယ်ဆယ်ရေးလုပ်သား ၃ ဦးမှာ အဖမ်းခံထားရဆဲဖြစ်သည်။

အောက်တိုဘာလ ၁၈ ရက်နေ့ အဖြစ်အပျက် တစ်ခုတွင် မြန်မာစစ်တပ် အင်အားစုများသည် လွိုင်ကော်မြို့ စစ်ဆေးရေးဂိတ်တွင် နိုင်ငံတကာကူညီကယ်ဆယ်ရေး အဖွဲ့အစည်းတစ်ခု (လုံခြုံရေးအရ အဖွဲ့အမည်ကို ထိန်ချန်ထားပါသည်)၏ ဝန်ထမ်း ၇ ဦးအား ဒုက္ခသည်များအတွက် ဆေးဝါးများ သယ်ဆောင်လာသည်ကို တွေ့ရှိခဲ့ပြီးနောက် အကြောင်းမဲ့ဖမ်းဆီးချုပ်နှောင်ခဲ့သည်ဟု ဆိုသည်။[4] ဒေသခံကူညီကယ်ဆယ်ရေး လုပ်သားတစ်ဦးက “သူတို့က လူတိုင်း၊ ယာဉ်တိုင်းကို တားတယ်။ (မြန်မာစစ်သားတွေက) ‘လုံခြုံရေး အကြောင်းပြချက်’နဲ့ စစ်တာပေါ့။ ဆေးဝါးလို ‘သံသယဖြစ်စရာ

3 Fortify Rights မှ A.C နှင့် အင်တာဗျူး၊ ၂၀၂၁ ဇူလိုင် ၉ ရက် ။ ထိန်းသိမ်းခံထားရသူများ၏ နာမည်များကို Fortify Rights မှ မှတ်တမ်းတင် သိမ်းဆဲထားပါသည်။

4 Fortify Rights မှ C.A နှင့် အင်တာဗျူး၊ ၂၀၂၁ အောက်တိုဘာ

ပစ္စည်းတွေ'သယ်လာလို့ (ကူညီကယ်ဆယ်ရေး လုပ်သားတွေကို) ဖမ်းတာပဲ။[5]

ထို့နောက်အာဏာသိမ်းအစိုးရသည် ဖမ်းစီးခံရသူ ၇ ဦးအနက် ၆ ဦးကို လွှတ်ပေးခဲ့သည်။[6]

ဩဂုတ်လ ၁၀ ရက်နေ့တွင် အာဏာသိမ်းအစိုးရသည် ဒေသခံကူညီကယ်ဆယ်ရေးအဖွဲ့အစည်း၌ အလုပ်လုပ်နေသည့် လူ ၄ ယောက်ကိုလည်း အကြောင်းမဲ့ဖမ်းစီးခဲ့သည်။[7] ၎င်းအခြေအနေများကို သိရှိထားသည့် အဖွဲ့အစည်းတစ်ခုတည်းအတွင်း အလုပ်လုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက Fortify Rights ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> ဒုက္ခသည်စခန်းတစ်ခုက ဝန်ထမ်းတွေဟာ (ဒုက္ခသည်)စခန်းအတွက် ပစ္စည်းတွေသယ်ဖို့ (ဒီမောဆိုမြို့နယ်က)ဂိုဒေါင်ကို ကားနဲ့သွားကြတယ်။ ဂိုဒေါင်ကလည်း (ဒုက္ခသည်တွေအတွက်)ဖျာတွေ၊ မိုးကာအင်္ကျီတွေ၊ ခြင်ထောင်တွေ၊ အစားအသောက်တွေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနဲ့ပတ်သက်တာတွေ၊ အကုန်ပါတဲ့ ပစ္စည်းတော်တော်များများကို ထုတ်ပေးခဲ့တယ်။ အပြန်မှာတော့ သူတို့တွေ အဲ့ဒီပစ္စည်းအားလုံးနဲ့ အတူ အဖမ်းခံလိုက်ရတာပဲ။[8]

စစ်တပ်မှ နောက်ပိုင်းတွင် ဖမ်းဆီးခံရသူ လေးဦးလုံးကို လွှတ်ပေးခဲ့သည်။

စက်တင်ဘာနှင့် အောက်တိုဘာလ တလျှောက်လုံးတွင် မြန်မာစစ်တပ်သည် လွိုင်ကော်၊ ဒီမောဆို၊ ဖရူးဆို၊ ဘော်လခဲနှင့် ဖာဆောင်မြို့နယ်များတွင် တပ်ဖြန့်ထားပြီး စစ်တပ်နှင့် လူသားချင်းစာနာသည့် ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများအတွက် အဓိကလမ်းကြောင်းဖြစ်သည့် ဒီမောဆိုမှ ဖာဆောင်သို့သွားရာ လမ်းများတွင် စစ်ဆေးရေးဂိတ်များကို ချထားခဲ့ကြသည်။[9]

သိုလှောင်ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် စစ်တပ်နှင့် မသက်ဆိုင်သည့်ပစ္စည်းများကို ဖျက်စီးခြင်း

ကရင်နီပြည်နယ်ဒေသခံများသည် မြန်မာအာဏာသိမ်းတပ်ဖွဲ့များမှ ပြည်သူပိုင်ပစ္စည်းများကို ခိုးယူပုံ၊ မီးရှို့တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပုံနှင့် နေရပ်စွန့် ပြည်သူများအတွက် ရည်ရွယ်သည့် အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေး အကူအညီများအပါအဝင် ပြည်သူပိုင်ပစ္စည်းများအား ဖျက်စီးခဲ့ပုံများကိုလည်း အစီအရင်ခံတင်ပြခဲ့ကြသည်။ [10]

5 Ibid.

6 Ibid.

7 ၂၀၂၁ ဩဂုတ်လ ၁၂ ရက် Fortify Rights မှ BF နှင့် အင်တာဗျူး

8 Ibid.

9 Fortify Rights မှ B.B.နှင့် အင်တာဗျူး၊ ၂၀၂၁ အောက်တိုဘာ ၁၈

10 Fortify Rights မှ A.H.နှင့် အင်တာဗျူး၊ ၂၀၂၁ ဇွန်လ ၂၂၊ A.I. နှင့် ၂၀၂၁ ဇွန်လ ၂၂၊ B.E., နှင့် ၂၀၂၁ ဇူလိုင် ၅၊ B.I., နှင့် ၂၀၂၁ ဇူလိုင် ၂၀၊ A.E.နှင့် ၂၀၂၁ ဇူလိုင် ၂၀၊ B.D.,နှင့် ၂၀၂၁ ဇူလိုင် ၂၇၊ B.B.နှင့် ၂၀၂၁ ဩဂုတ် ၁၀၊ B.F.နှင့် ၂၀၂၁ ဩဂုတ် ၁၂၊ B.J.,နှင့် ၂၀၂၁ ဩဂုတ် ၂၅၊ B.C., နှင့် ၂၀၂၁ ဩဂုတ် ၂၆။

ဥပမာ၊ ဇွန်လ ၉ ရက်နေ့တွင် မြန်မာ့စစ်သားများသည် ကရင်နီနှင့် ရှမ်းပြည်နယ်နယ်စပ်ရှိ ဖယ်ခုံ မြို့နယ်အတွင်း လွယ်ရင်းတောင်ခြေရွာရှိ စာသင်ကျောင်းတစ်ခုတွင် သိုလှောင်ထားရှိသည့် ဆန်များ ကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။[11] ကူညီကယ်ဆယ်ရေးလုပ်သားများသည် အဆိုပါ သိုလှောင်ထားရှိသည့် ဆန်များကို (၎င်းအချိန်အထိ ခန့်မှန်းခြေ အိုးအိမ်စွန့်ခွာသူပေါင်း ၃၀၀၀ ကျော်ခန့်ရှိသော) အနီးအနား မှ ဒုက္ခသည်စခန်းများသို့ ပေးဝေနေခြင်းဖြစ်သည်ဟု ကယ်ဆယ်ရေး လုပ်သားများနှင့် ဒေသခံများ က Fortify Rights ကို ပြောကြားခဲ့သည်။[12] ဤအဖြစ်အပျက်တွင် ကယ်ဆယ်ရေးလုပ်သားများ ပိုင်ဆိုင်သည့် လူနာတင်ယာဉ်တစ်စီးနှင့် အိမ်စီးကား တစ်စီးကိုလည်း စစ်သားများမှ မီးရှို့ခဲ့ကြသည် ဟု ဆိုသည်။[13] လွယ်ရင်းတောင်ခြေရွာမှ အသက် ၃၅ နှစ်အရွယ် ဒေသခံတစ်ဦးက Fortify Rights ကို အောက်ပါအတိုင်း ပြောသည်။

> ကျွန်တော်အပါအဝင်လူတွေအကုန်လုံးက ရွာကနေ လွတ်ရာ(လုံခြုံရာ)ကို ထွက်ပြေးကြ တော့ ရွာမှာ စစ်သားတွေပဲ ကျန်ခဲ့တာ။ (မြန်မာစစ်သားတွေက) စာသင်ကျောင်းဆောင်ထဲက ဆန်အိတ်တွေကို အကုန်ထုတ်တယ်၊ အဲ့ကျောင်းရှေ့မှာပဲ မီးရှို့လိုက်ကြတာပဲ၊ ပြည်သူတွေကို PDF ထောက်ခံသူတွေလို့ စွပ်စွဲရင်းနဲ့ပေါ့။ သိပ်မဝေးတော့ သူတို့လုပ်နေတာတွေ အကုန်လုံး ကို တောင်ပေါ်ကနေ မြင်ရတယ်။[14]

Fortify Rights မှ မှတ်တမ်းတင်ခဲ့သည့် ကနဦးသက်သေခံချက်သည် ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR)မှ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အစီအရင်ခံသည့် သတင်း အချက်အလက်များကို အတည်ပြုအပ်သည်။ ၂၀၂၁၊ စက်တင်ဘာ ၁၆ နေ့ ကောင်စီကို တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် OHCHR က ကရင်နီပြည်နယ်အတွင်း မြန်မာစစ်တပ်သည် “လူသားချင်းစာနာသည့် အကူအညီပေးရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်း”နှင့် “စာသင်ကျောင်း များ၊ ဘာသာရေး အဆောက်အဦးများအပါအဝင် ပြည်သူပိုင်ပစ္စည်းများကို သိမ်းယူခြင်း၊ ဖျက်စီး ခြင်း၊ မီးရှို့ခြင်းနှင့် ခိုးယူခြင်းများ” ပြုလုပ်ခဲ့ကြောင်း အစီအရင်ခံခဲ့သည်။[15]

စစ်တပ်စစ်ဆေးရေးဂိတ်များတွင် အကူအညီပစ္စည်းများကိုပိတ်ပင်ခြင်း (သို့) ကန့်သတ် တားမြစ်ခြင်း

ဒီမောဆို၊ လွိုင်ကော်၊ ဖရူးဆိုးနှင့် ဖာဆောင်အပါအဝင် ကရင်နီပြည်နယ်ရှိ မြို့နယ်များစွာမှ ပြည်တွင်း၊ပြည်ပ ကူညီကယ်ဆယ်ရေး လုပ်သားများက စစ်တပ်သည် စစ်ဆေးရေးဂိတ်များ၌ ယာဉ် များကို ပုံမှန်တားစီး၍ ဒုက္ခသည်များအတွက်ရည်ရွယ်သည့် ကုန်များကို သိမ်းပစ်လျက်ရှိကြောင်း

11 Fortify Rights မှ B.E.နှင့် အင်တာဗျူး ၂၀၂၁ ဇူလိုင် ၅၊ B.C. နှင့် ၂၀၂၁ သြဂုတ် ၂၆။

12 Ibid.

13 Ibid.

14 Fortify Rights မှB.C.နှင့် အင်တာဗျူး ၂၀၂၁ သြဂုတ် ၂၆။

15 ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေအပေါ် ကမ္ဘာ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ နောက်ဆုံးအခြေအနေကို ရေးသားတင်ပြခြင်း၊ A/HRC/48/67 လူ့အခွင့်အရေးကောင်စီ၊ ၄၈ ကြိမ်မြောက်ညီလာခံ။ ၂၀၂၁ အောက်တိုဘာ ၁။. https://reliefweb.int/sites/reliefweb.int/files/resources/A_HRC_48_67.pdf.

Fortify Rights ကို ပြောကြားသည်။[16] ဥပမာ၊ ဇူလိုင်လတွင် ကူညီကယ်ဆယ်ရေးလုပ်သား တစ်ဦးက Fortify Rights ကို အောက်ပါအတိုင်း ကိုပြောကြားခဲ့သည်။

> တောင်ကြီး(ရှမ်းပြည်နယ်)ကနေ မိုးဖြ၊ လွိုင်ကော် (ကရင်နီပြည်နယ်)ကို ဆင်းလာတဲ့ ကားတွေ တားဆီးပိတ်ဆို့တာ ခံရတယ်။ ပြောင်ပြောင်တင်းတင်းအနိုင်ဆုံး (အကူအညီပစ္စည်းတွေ ပိတ်ပင်ခံရတဲ့) ကိစ္စကတော့ ကုလသမဂ္ဂရဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) နဲ့ကိစ္စပါ။ ကယားပြည်နယ်မှာ တိုက်ခိုက်မှုတွေ စတဲ့အခါ WFP က ကုန်ပစ္စည်းတွေ အများကြီး ပို့ခဲ့တယ်။ ကျွန်တော့်အထင် မတ်ထရစ်တန်ပေါင်း ထောင်ချီတဲ့ ဆန်တွေကို တားမြစ်ခဲ့တယ်။ ဝင်ခွင့် မပြုခဲ့ဘူး။[17]

ကရင်နီပြည်နယ်ရှိ ရပ်ရွာအခြေပြုအုပ်စုများကြား လူသားချင်းစာနာသည့် တုံ့ပြန်မှုများကို ညှိနှိုင်းဆောင်ရွက်နေသည့် ဒေသခံကူညီကယ်ဆယ်ရေးအဖွဲ့တစ်ခုမှ အဖွဲ့ဝင်များက အရေးပေါ်အကူအညီများ ပို့ဆောင်ခြင်းသည့်ကိစ္စကို စစ်တပ် စစ်ဆေးရေးဂိတ်နှင့် လမ်းပိတ်ဆို့မှုများက များစွာ ဟန့်တားလျက်ရှိကြောင်းဆိုသည်။[18] ပြည်သူ့ဆီကို ပေးပို့မည့် အကူအညီများကို တမင်ရည်ရွယ်၍ ပိတ်ဆို့ခြင်းလားဟု Fortify Rights မှ မေးမြန်းရာ ကယ်ဆယ်ရေးလုပ်သားတစ်ဦးက "ဒါငြင်းမရတဲ့ အချက်ပဲလို့ ကျွန်တော်မြင်တယ်" ဟု ပြန်ဖြေကြားခဲ့သည်။[19]

Fortify Rights သည် ၂၀၂၁ မေလတွင် ဒုက္ခသည်များအတွက် အစားအသောက်နှင့် လိုအပ်သည့် ပစ္စည်းများကို သယ်ဆောင်လာသော အမှတ်အသားမပြုလုပ်ထားသည့် ကယ်ဆယ်ရေးပစ္စည်းပို့ ယာဉ်တစ်စီးအား စစ်တပ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် အဖြစ်အပျက်တစ်ခုကိုလည်း မှတ်တမ်းတင်ခဲ့သည်။ အသက် ၃၃ နှစ်အရွယ် စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးလုပ်သားတစ်ဦးက Fortify Rights ကို အောက်ပါအတိုင်း ပြောသည်။

> အဲ့ဒီတုန်းက စစ်တပ်က နေရာတိုင်းမှာပဲ။ သံသယရှိတဲ့ သူတိုင်းကို ပစ်သတ်တာ။ စစ်တပ်က လူတိုင်း ပစ္စည်းတိုင်းကို စစ်တယ်။ ကျွန်တော်တို့ကားက သေနတ်နဲ့ ၂ ကြိမ် ပစ်ခတ်ခံခဲ့ရတယ်။ ဒီမောဆိုကို ဖြတ်သွားတုန်းက စစ်တပ်ဖွဲ့တွေနဲ့ ဆုံတယ်။ အဲ့တော့ ကျွန်တော်တို့ လှည့်ပြန်မောင်းပြေးခဲ့ကြတယ်။ အဲ့မှာ ကျွန်တော်တို့ကားကို သူတို့တွေ ပစ်ခတ်တာပေါ့။ ကားကတော့ ဘာမှ ဖြစ်မသွားဘူး။ ဒါပေမယ့် ကျွန်တော်တို့နောက်က ဆိုင်ကယ်နဲ့ လိုက်လာတဲ့ တစ်ယောက်ကတော့ ခြေတောက်မှာ ဒဏ်ရာ ရသွားတယ်။[20]

16 Fortify Rights မှ B.D.နှင့် အင်တာဗျူး ၂၀၂၁၊ ဇူလိုင်လ ၇၊ A.C နှင့် ၂၀၂၁ ဇူလိုင် ၉ ရက်၊ ; A.D. နှင့် ၂၀၂၁ ဇူလိုင် ၁၆၊ B.F.,နှင့် ၂၀၂၁ ဩဂုတ် ၁၂၊ B.J.နှင့် ၂၀၂၁ ဩဂုတ် ၂၅၊ B.C.နှင့် ၂၀၂၁ ဩဂုတ် ၂၆၊ J.နှင့် ၂၀၂၁ စက်တင်ဘာ ၆၊ A.K.နှင့် ၂၀၂၁ စက်တင်ဘာ ၆၊ A.F.နှင့် ၂၀၂၁ စက်တင်ဘာ ၁၅၊ A.C.နှင့် ၂၀၂၁ အောက်တိုဘာ ၁၈၊ B.B.နှင့် ၂၀၂၁ အောက်တိုဘာ ၁၈၊ A.D., နှင့် ၂၀၂၁ အောက်တိုဘာ ၁၈၊ C.A. နှင့် ၂၀၂၁ အောက်တိုဘာ ၂၁။

17 Ibid.

18 Fortify Rights မှ B.F.နှင့် အင်တာဗျူး ၂၀၂၁ ဩဂုတ် ၁၂

19 Fortify Rights မှ A.D.နှင့် အင်တာဗျူး ၂၀၂၁ ဇူလိုင် ၁၆

20 Fortify Rights မှ B.J နှင့် အင်တာဗျူး ၂၀၂၁ ဩဂုတ် ၂၅

လူသားချင်းစာနာသည့် အကူအညီပေးရေးဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေရာ၌ မြန်မာစစ်တပ်၏ အခန်းကဏ္ဍကိုသိရှိထားပြီး မြန်မာနိုင်ငံ၏ ခေတ္တ UN Resident Coordinator တစ်ဦး ဖြစ်သူ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးအပ်ရေးဆိုင်ရာ ထိပ်တန်းအရာရှိ Andrew Kirkwood က ၂၀၂၁ အောက်တိုဘာလ ၁ ရက်နေ့ Public Briefing တွင် "လူသားချင်းစာနာသည့် ကယ်ဆယ်ရေးလုပ်သားများနှင့် ကျွန်တော်တို့ရဲ့ လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ အန္တရာယ်ကင်းကင်းနှင့် အဟန့်အတားမရှိ သွားလာခွင့်ရရေးကို ပံ့ပိုးဆောင်ရွက်ရန် အတွက် ပါဝင်ပတ်သက်သူအားလုံးအနေနဲ့ ၎င်းတို့၏ အရှိန်အဝါကို အသုံးချကြဖို့ တောင်းဆိုခွင့်တာဝန် ကျွန်တော့်အပေါ်ကျလာပြီထင်တယ်"ဟု ဖြည့်စွက် ပြောကြားလျက် လမ်းပိတ်ဆို့မှု အပါအဝင် နိုင်ငံတဝန်း လူသားချင်းစာနာသည့် အကူအညီများပေးအပ်ရန် ကြိုးစားမှုနှင့် ပတ်သက်၍ "ထင်ရှားသည့် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ"ကို သတိပေးပြောကြားခဲ့ သည်။[21]

OCHA က ၂၀၂၁ အောက်တိုဘာ ၁ ရက်နေ့အထိ "သွားလာဆက်သွယ်ပိုင်ခွင့်၊ လုံခြုံရေးနှင့် အခြားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများ"သည် အကူအညီများ ပေးအပ်ရေးကို ထိခိုက်လျက်ရှိပြီး ကရင်နီပြည်နယ်အပါအဝင် နိုင်ငံအနှံ့၌ လူသားချင်းစာနာသည့် အထောက်အပံ့များနှင့် ကာကွယ်စောက်ရှောက်ရှောက်ရေး ဝန်ဆောင်မှုများသည် "ထင်ထင်ပေါ်ပေါ်ကန့်သတ်ခံ" နေရဆဲဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။[22]

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews သည် ၂၀၂၁ စက်တင်ဘာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည့် ၎င်း၏ အစီအရင်ခံစာ၌ "မြန်မာစစ်တပ်များသည် ကယားပြည်နယ်သို့ ပေးပို့မည့် ဆန်တန်ပေါင်းများစွာအပါအဝင် ကူညီကယ်ဆယ်ရေး ယာဉ်များကို ပိတ်ဆို့ခြင်း၊ လှည့်ပြန်နိုင်းခဲ့ခြင်းများကြောင့် ချင်းနှင့် ကရင်နီပြည်နယ်ရှိ ဒုက္ခသည်များဆီသို့ လူသားချင်းစာနာသည့် အကူအညီများ မရောက်ရှိခြင်းအတွက် အာဏာသိမ်းအစိုးရသည်သာ တိုက်ရိုက် အပြစ်ရှိသည်"ဟု ထပ်လောင်း ကောက်ချက်ချ ဖော်ပြခဲ့သည်။[23]

အကူအညီပစ္စည်းများဖြန့်ဝေရန် ခွင့်ပြုမိန့်ကို အချိန်ဆွဲထားခြင်း (သို့) ပယ်ချခြင်း၊

ဇွန်လအတွင်း လူသားချင်းစာထောက်ထားသည့် စီမံကိန်းများ ဆောင်ရွက်ရာ၌ အာဏာသိမ်းအစိုးရဆီမှ တရားဝင်ခွင့်ပြုချက်ယူရသော အခက်အခဲတချို့ကြောင့် (WFP နှင့် ကမ္ဘာ့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)အပါအဝင်) နိုင်ငံတကာအဖွဲ့အစည်းများ

21 မြန်မာနိုင်ငံ U.N. Resident Coordinator, Andrew Kirkwood ၏ "Draft transcript of the briefing by Andrew Kirkwood, United Nations Resident Coordinator and Humanitarian Coordinator to the media," ၂၀၂၁ အောက်တိုဘာ ၁ ရက်၊ https://myanmar.un.org/en/149802-draft-transcript-briefing-andrew-kirkwood-united-nations-resident-coordinator-ai-and.

22 ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ နောက်ဆုံးအခြေအနေ အမှတ်၁၁, ၂၀၂၁ အောက်တိုဘာ ၁ ရက်, https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-11-1-october-2021

23 ကုလသမဂ္ဂမြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်, Tom Andrews ၏ Situation of Human Rights in Myanmar, ၇၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ, A/76/314, ၂၀၂၁ စက်တင်ဘာလ ၂ ရက် https://undocs.org/A/76/314.

မှ စားနပ်ရိက္ခာများအပါအဝင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ကရင်နီပြည်နယ်ရှိ ပြည်သူများဆီသို့ရောက်ရှိမှုမှာ လွန်စွာနည်းပါးခဲ့သည်။[24] ဥပမာ၊ WFP က ၎င်း၏ အခြေအနေကို တင်ပြသည့် Situation Report တွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီ လိုအပ်ချက်များမှာ မြင့်မားနေဆဲဖြစ်သော်လည်း "ပဋိပက္ခဒဏ်ခံပြည်သူများဆီသို့ ရောက်ရှိနိုင်မှုမှာ လက်ရှိလုံခြုံရေးအခြေအနေနှင့် ရှုပ်လျှားကြန့်ကြာသည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကြောင့် များစွာ ကန့်သတ်ခံနေရဆဲဖြစ်သည်" ဟုဖော်ပြခဲ့သည်။[25] နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ ရုံးတွင်းမှတ်တမ်းများကို Fortify Rights ကြည့်ရှုခဲ့ရာ အောက်တိုဘာလလယ်အထိ ခရီးသွားခွင့်ပြုချက်ယူရာ၌ အကြောင်းမဲ့ အချိန်ဆွဲထားခြင်းများရှိကြောင်းကိုလည်း ဖော်ပြထားပါသည်။[26]

ဒေသခံကူညီကယ်ဆယ်ရေး အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာမှ Fotify Rights နှင့် အောက်တိုဘာလ ၂၂ နေ့ စကားပြောကြားရာ၌ ၎င်းတို့အဖွဲ့အစည်းက ကလေးသူငယ်များအတွက် အထောက်အပံ့ပစ္စည်းများ အပါအဝင် ကရင်နီပြည်နယ်ရှိ ဒုက္ခသည်များကို အကူအညီများပေးအပ်ရန် ၂၀၂၁ မေလကတည်းက ခွင့်ပြုချက်ရယူဖို့ ကြိုးစားခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် အခုအစီအရင်ခံစာ ရေးနေသည့် အချိန်အထိ အာဏာသိမ်းအစိုးရမှ ခွင့်ပြုချက် မပေးသေးပေ။[27] အဆိုပါ ဒါရိုက်တာက ယခုအခါ ၎င်းတို့အဖွဲ့အစည်း၏ တစ်ခုတည်းသောနည်းမှာ အာဏာသိမ်းအစိုးရ စစ်တပ်ထံ ဖမ်းစီးခံရနိုင်ခြင်းနှင့် အကူပစ္စည်းများအသိမ်းခံရနိုင်ခြင်း စသော အန္တရာယ်များကို အရဲစွန့်လျက် ဒုက္ခသည်များဆီသို့ သွားရောက်နိုင်မည့် အခြားနည်းလမ်းများကို ရှာဖွေရန်သာရှိတော့သည် ဟု Fortify Rights အားပြောသည်။[28]

24 Fortify Rights မှ A.D.နှင့် အင်တာဗျူး၊ ၂၀၂၁ ဇူလိုင် ၁၆၊ B.F.နှင့် ၂၀၂၁ ဩဂုတ် ၁၂၊ B.C.နှင့်၂၀၂၁ ဩဂုတ် ၂၆ ၊ C.A., နှင့် ၂၀၂၁ အောက်တိုဘာ ၂၂

25 WFP Myanmar, "Situation Report #4," ဩဂုတ် – စက်တင်ဘာ ၂၀၂၁, https://api.godocs.wfp.org/api/documents/66f1cfb3c8b7489fb7257ad8d9146bb6/download/?_ga=2.72331099.974480423.1635230391-596732011.1635230391.

26 [ထိန်ချန်ထားသည့် အဖွဲ့အစည်းအမည်], Fortify Rights ကိုဝေမျှခဲ့သည့် ရုံးတွင်းမှတ်တမ်း, ၂၀၂၁ အောက်တိုဘာ ၁၅၊, Fortify Rights ၏ မှတ်တမ်းတွင် သိမ်းဆည်း။

27 Fortify Rights မှ C.A.နှင့် အင်တာဗျူး ၂၀၂၁ အောက်တိုဘာ ၂၂

28 Ibid.

ဝဲ အပေါ်ဘက်။ ။ ကရင်နီ နှင့် ရှမ်းပြည်နယ်စပ်ရှိ လွယ်ရင်းတောင်ခြေရွာအနီး လမ်းဘေးတစ်နေရာတွင် ဒေသခံ ကူညီကယ်ဆယ်ရေးလုပ်သားများ၏ မော်တော်ယာဉ်တစ်စီးအား ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်မှ စစ်သားများ မှ မီးရှို့ဖျက်စီးထားသဖြင့် မီးလောင်ကျွမ်းပြီး ပျက်စီးနေသည့် အနေအထားကို တွေ့မြင်ရစဉ်။

အောက်ဘက်။ ။ ကရင်နီ နှင့် ရှမ်းပြည်နယ် နယ်စပ်ရှိ ဖယ်ခုံ မြို့နယ်အတွင်းရှိ လွယ်ရင်းတောင်ခြေရွာ လမ်းဘေးတစ်နေရာ တွင် မီးလောင်ကျွမ်းထားသည့် လူနာတင်ယာဉ် ကိုယ်ထည်အခွံ ကို တွေ့ရစဉ်။ ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်မှ စစ်သားများသည် ထို လူနာတင်ယာဉ်အား မီးရှို့ဖျက်စီးခဲ့ကြသည် ဟု ဒေသခံများက ပြောကြသည်။

ညာ အပေါ်ဘက်။ ။ ၂၀၂၁ ဇွန်လ ၉ ရက်နေ့တွင် လွယ်ရင်းတောင် ခြေရွာမှ ကျောင်းတစ်ခု၏ အပြင်ဘက် မြေကြီးပေါ်တွင် စစ်ဘေး ရှောင်ဒုက္ခသည်များအတွက် လှူထားသည့် ဆန်များအား မြန်မာ စစ်တပ်မှ စစ်သားများ မီးရှို့ဖျက်ဆီးထားသဖြင့် ပြန့်ကျဲနေသည် ကို တွေ့ရစဉ်။

©MT၊ ဇွန်လ၊ ၂၀၂၁

II. ကရင်နီပြည်နယ်ရှိ ဒုက္ခသည်များအပေါ် ကူညီကယ်ဆယ်ရေးကန့်သတ် ပိတ်ပင်ခြင်း၏ ရိုက်ခတ်မှုများ

ကရင်နီပြည်နယ်ရှိလူသားချင်းစာနာထောက်ထားသည့် အကူအညီအပေါ် စစ်တပ်မှ ချမှတ်သည့် ပိတ်ပင်ကန့်သတ် ချက်များသည် ဒုက္ခသည်များအတွက် လုံလောက်သည့် အစားအသောက်၊ ကျန်းမာရေးအ စောင့်အရှောက်၊ ခိုလှုံနေထိုင်ရာ၊ မရှိမဖြစ်သည့် ပစ္စည်းများ၊ ရေနှင့် အိမ်သာ(မိလ္လာစနစ်) တို့ကို ရယူရာတွင် ရှောင် လွှဲနိုင်သော ပိတ်ပင်တားဆီးမှုများအဖြစ် ဦးတည်လျက်ရှိသည်။ အခြေခံ အသက်ကယ်ဆယ်ရေးအကူအညီများ အသင့် ရရှိမှု မရှိခြင်းသည် ဒုက္ခသည်များ၏ ကာကွယ်ရေး ဆိုင်ရာအန္တရာယ်ကို တိုးမြင့်စေသည်သာမက လူအခွင့်အရေးချိုးဖောက်မှုနှင့် အဆမတန်တိုးမြင့် လာသည့် လူသားချင်းစာနာမှုအကူအညီဆိုင်ရာ အကျပ်အတည်း စသည်တို့မှ လွတ်မြောက်ရေး အတွက် ရပ်ရွာရှိပြည်သူများမှာ နေအိမ်ကို စွန့်ခွာထွက်ပြေးကြရသောကြောင့် ဒေသတွင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်စိတ်များကိုပါ ဆထက်တစ်ပိုး တိုးပွားစေလျက်ရှိသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စ၍ အရပ်သားပြည်သူ အနည်းဆုံး ၁၅,၀၀၀ ခန့်နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်ဟု UN အဖွဲ့အစည်းများ က ခန့်မှန်းကြသည်။[29]

Fortify Rights မှ ကြည့်ရှုခဲ့သည့် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ ရုံးတွင်း မှတ်တမ်းများအရ ၂၀၂၁ အောက်တိုဘာလလယ်အထိ သတ်မှတ်ကျေးရွာများသို့ အကူအညီများ ပေးပို့ခြင်းအပေါ် ကန့်သတ်တားမြစ်ခံရခြင်းကြောင့် ကရင်နီပြည်နယ်မှပြည်သူများသည် ကျန်းမာရေးအစောင့်အရှောက်၊ ရေ၊ အိမ်သာ၊ တကိုယ်ရေသန့်ရှင်းမှုတို့အပါအဝင် အစားအသောက် မဖူလုံမှုနှင့် အခြေခံအသုံးအဆောင်ပစ္စည်းများ ကင်းမဲ့မှုတို့ကို များစွာ ရင်ဆိုင်နေရသည်။[30] Fortify Rights အား လက်ခံစကားပြောခဲ့ကြသည့် ဒုက္ခသည်များနှင့် ကယ်ဆယ်ရေးလုပ်သားများ ကလည်း ဤပြဿနာများကို အတည်ပြု ပြောကြားခဲ့ကြသည်။[31] ဥပမာ၊ ၂၀၂၁ အောက်တိုဘာလ ၁၈ ရက်နေ့က ဒေသခံကူညီကယ်ဆယ်ရေး အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာက Fortify Rights ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> ကယား(ပြည်နယ်)က တောတွေထဲမှာ မိုးက အခုထိ သည်းနေတုန်းပါ။ စိုစွတ်ပြီးတော့ အေးစိမ့်နေရော။ ဒါမကောင်းဘူးဗျ။ အခု ဖျားနာနေတဲ့ ဒုက္ခသည်တွေ အများကြီးပဲ။ လောလောဆယ်တော့ အစားအသောက်ထက်ဆေးဝါးတွေ အများကြီးလိုအပ်တယ်။

29 UNHCR, "Myanmar Emergency Overview Map," ၂၀၂၁ နိုဝင်ဘာ ၁ https://data2.unhcr.org/en/documents/details/89436.

30 [ထိန်ချန်ထားသည့် အဖွဲ့အစည်းအမည်], Fortify Rights ကိုဝေမျှခဲ့သည့် ရုံးတွင်းမှတ်တမ်း, ၂၀၂၁ အောက်တိုဘာ ၁၅၊, Fortify Rights ၏ မှတ်တမ်းတွင် သိမ်းဆည်း။

31 Fortify Rights A.H.နှင့် အင်တာဗျူး၊ ၂၀၂၁ ဇွန် ၂၂၊ A.I.နှင့် ၂၀၂၁ ဇွန် ၂၂၊; A.C.နှင့် ၂၀၂၁ ဇူလိုင် ၉;၊ B.E.,နှင့် ၂၀၂၁ ဇူလိုင် ၅၊ A.D.နှင့် ၂၀၂၁ ဇူလိုင် ၁၆၊ A.E. နှင့် ၂၀၂၁ ဇူလိုင် ၂၀၊ B.I.နှင့် ၂၀၂၁ ဇူလိုင် ၂၁; A.G.နှင့် ၂၀၂၁ ဇူလိုင် ၂၀; B.B. နှင့် ၂၀၂၁ ဩဂုတ် ၁၀ ၊ A.C.နှင့် ၂၀၂၁ အောက်တိုဘာ ၁၈

> ဒုက္ခသည်တွေမှာ အစားအသောက်က နှစ်ပတ်စာလောက်အထိ အလုံအလောက်ရှိတယ်။ ဒါပေမယ့် ဆေးနဲ့ ဆေးဝါးအထောက်အပံ့က တကယ့်ကို ပြတ်တောက်သွားတာ။ ပြီးတော့ အဲ့မှာ ကျန်းမာရေးလုပ်သားတွေကလည်း ရှားတယ်။[32]

၂၀၂၁ မေလတွင် လွိုင်ကော်မြို့နယ် ကယန်းသာယာရွာမှ နေအိမ်ကို စွန့်ခွာခဲ့ရပြီး တောတွင်း ဒုက္ခသည် စခန်းတစ်ခု၌ အခြား ဒုက္ခသည် ၁၀၀၀ ဝန်းကျင်ခန့်နှင့်အတူနေထိုင်နေရသည့် အသက် ၃၉ နှစ် အရွယ် ကရင်နီအမျိုးသားတစ်ဦးက Fortify Rights ကိုအောက်ပါအတိုင်းပြောသည်။

> ကျွန်တော်တို့ ဒီကို (ဒုက္ခသည်စခန်းကို) စရောက်တုန်းက ဒီမှာသောက်ရေ ပြတ်တောက်နေ တာဗျ။ ခုစရာ နေရာရှိပေမယ့် သောက်စရာရေ မရှိဘူး။ ကျိုကြား ကျိုကြား အလှူရှင်တွေတော့ ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ ၁ ပတ် (သို့) ၂ ပတ်စာလောက်ပဲ စားစရာက ရှိတာ။ မလုံခြုံတော့ဘူးဗျ။ ကြောက်လည်းကြောက်တယ်။ ပြီးတော့ နောက်ထပ် ဘယ်တော့ တိုက်ခိုက်လာဦးမလဲ မသိဘူး။ အဲ့တော့ ရှေ့မှာ မရေရာတဲ့ အနာဂါတ်အတွက် စားစရာတွေ သိုထားတာပဲ အကောင်းဆုံးဖြစ်မယ်ထင်တယ်။ ၃ လစာ လောက်အထိ စားစရာတွေ သိုလှောင်ထားရမယ်။[33]

ကရင်နီပြည်နယ် လွိုင်ကော်မြို့မှ ထွက်ပြေးခဲ့ရသည့် ကလေး နှစ်ယောက်အမေ ကရင်နီအမျိုးသမီး ကျောင်းဆရာမ တစ်ဦးကလည်း အသက် ၉ နှစ်နှင့် ၁၉ နှစ်အရွယ် သမီး နှစ်ယောက်အပါအဝင် ၎င်း၏ ရွာမှ အခြားပြည်သူ ခန့်မှန်းခြေ ၃၀၀ ဝန်းကျင်ခန့် ခိုလှုံရာ ရှမ်းပြည်နယ်တောင်ပိုင်းရှိ နောက်ထပ် ဒုက္ခသည် စခန်းတစ်ခု၏ ပုံစံတူ အခြေအနေတစ်ခုကို ဖော်ပြခဲ့သည်။[34] သူမက Fortify Rights ကို အောက်ပါအတိုင်းပြောကြားခဲ့သည်။

> ကျွန်မတို့က တောထဲကနေ ရေကိုသယ်ရတယ်။ အလှည့်ကျ သယ်ပြီးတော့ ချွေချွေတာတာ သုံးကြရတာပေါ့။ (စစ်တပ် လာလို့) ထပ်ရွှေ့ရရင် ကျွန်မတို့လည်း အဲ့လိုမျိုးပြဿနာတွေ ရင်ဆိုင်ရလိမ့်မယ်။ နေမကောင်းဖြစ်နေကြတဲ့ လူအနည်းအကျဉ်းရှိတယ်။ ကျွန်မတို့ထဲမှာ သူနာပြု ဆရာမက နှစ်ယောက်ပဲရှိတာ။ စခန်းအတွက် အခြေခံပစ္စည်းတွေကို ကိုယ့်ပိုက်ဆံနဲ့ကို စုဝယ်ကြရတယ်။ ဒါပေမယ့် ရေရှည်မှာတော့ အဆင်ပြေမှာ မဟုတ်ဘူး။ ကျွန်မရဲ့ အငယ်ဆုံးလေးက သေနတ်သံကြားတိုင်း အမြဲကြောက်တယ်။ သူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေ၊ ပုံရိပ်တွေက သူ့ကို ခြိမ်းခြောက်နေတာ”။[35]

UN အထူးကိုယ်စားလှယ် Tom Andrews ၏ မကြာခင်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် ကရင်နီပြည်နယ်တွင် သာမဟုတ်ဘဲ ချင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် နိုင်ငံ၏ အခြားဒေသများတွင်ပါ လူသားချင်းစာနာမှုအကူအညီ လိုအပ်ချက် မြင့်မားလာပုံအဆင့်ဆင့်ကို မှတ်တမ်းတင်ခဲ့သည်။

32 Fortify Rights မှ A.C.နှင့် အင်တာဗျူး ၂၀၂၁ အောက်တိုဘာ ၁၈

33 Fortify Rights မှ A.H.နှင့် အင်တာဗျူး ၂၀၂၁ ဇွန် ၂၂

34 Fortify Rights မှ A.I.နှင့် အင်တာဗျူး ၂၀၂၁ ဇွန် ၂၂

35 Ibid.

ဒုက္ခသည်များကို အသက်ရှင်အောင်ထားရှိသည့် အိမ်ရှင် ရပ်ရွာများ ကိုယ်တိုင်မှာလည်း ၎င်းတို့၏ စားစရာနှင့် ဆေးဝါးအထောက်အပံ့များ နည်းပါးလာကြပြီဖြစ်သည်။ ဒေသခံ ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများမှာ လက်ရှိဒုက္ခသည်များကို ကျွေးမွေးရန်နှင့် တစ်ချိန်တည်းမှာ အိမ်ရှင်ရပ်ရွာများကို ပြန်လည် ဖြည့်ဆည်းပေးရန် မစွမ်းဆောင်နိုင်ကြပေ။ တိုက်ပွဲများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဒေသမှ မိသားစုများမှာ အချိန်မှန်စိုက်ပျိုးခဲ့ကြသည့် ကောက်ပဲသီးနှံများကို မရိတ်သိမ်းနိုင်ဘဲ ထပ်မံ အစာရေစာ ပြတ်တောက်မှုနှင့် ကြုံတွေ့ရမည်ကို အလွန်အမင်း စိုးရိမ်လျက်ရှိသည်။ [36]

UNHCR သည် ၂၀၂၁ အောက်တိုဘာ ၄ ရက်နေ့က ထုတ်ဝေခဲ့သော ၎င်း၏ နောက်ဆုံးရသတင်းတွင် COVID-19 ကူးစက်ရောဂါက မြန်မာနိုင်ငံရှိ လူသားချင်းစာနာသည့် အကူအညီပေးအပ်ခြင်း အခြေအနေအား ပိုမိုဆိုးဝါးစေခဲ့ကြောင်းကို “ဒုက္ခသည် စခန်းတချို့တွင် ကူးစက်ခံရနှုန်း မြင့်မားလာခြင်းနှင့် အတူ ဒုက္ခသည်များမှာ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE)များကို အရေးပေါ်လိုအပ်လျက်ရှိနေသေးပြီး COVID-19 နှင့် ဆက်စပ်သော ကန့်သတ်ချက်များမှာလည်း အသက်မွေးဝမ်းကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်ပံ့များအား ရယူနိုင်မှုကို ဆက်လက် တားစီးလျက်ရှိသည်”ဟု ထပ်လောင်း သတိပေး ပြောကြားခဲ့သည်။[37] UNHCR သည် ကရင်နီပြည်နယ်တစ်ခုတည်းရှိ ဒုက္ခသည် စခန်းနှစ်ခု အတွင်း COVID-19 ကူးစက်ခံရသူ ၉၀ ရှိကြောင်း အစီအရင်ခံခဲ့သည်။[38]

Fortify Rights မှ ကြည့်ရှုခဲ့သော မြန်မာနိုင်ငံအတွင်းလှုပ်ရှားနေသည့် နိုင်ငံတကာကူညီ ကယ်ဆယ်ရေး အဖွဲ့အစည်းများ၏ ရုံးတွင်းမှတ်တမ်းများတွင် ဒုက္ခသည်များအတွက် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူများ ကင်းမဲ့နေခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ကြောင်း ထပ်မံဖော်ပြထားသည်။[39] ကရင်နီပြည်နယ်ရှိ ကယ်ဆယ်ရေးလုပ်သားများသည်လည်း ဒုက္ခသည်များအကြား အဆိုပါ စိုးရိမ်စိတ်ကို အစီအရင်ခံပြောကြားခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားတစ်ဦးမှ “အခုလိုအခြေအနေမျိုးမှာ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုတွေ ဆောက်ရွက်ပေးလို့ ရမှာ မဟုတ်ဘူး။ ရေရှည်မှာတော့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ကြီးသထက် ကြီးလာလိမ့်မယ်လို့ ထင်တယ်”ဟူ၍ Fortify Rights ကိုပြောကြားခဲ့သည်။[40]

36 ကုလသမဂ္ဂမြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်, Tom Andrews ၏ Situation of Human Rights in Myanmar ၇၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ, A/76/314, ၂၀၂၁ စက်တင်ဘာလ ၂၊ https://undocs.org/A/76/314.

37 ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး, “မြန်မာ့အရေး – UNHCR ဒေသတွင်းနောက်ဆုံးရ အခြေအနေ,” ၂၀၂၁ အောက်တိုဘာ ၄ ရက်, https://data2.unhcr.org/en/documents/details/89045.

38 Ibid.

39 [ထိန်ချန်ထားသည့် အဖွဲ့အစည်းအမည်], Fortify Rights ကိုဝေမျှခဲ့သည့် ရုံးတွင်းမှတ်တမ်း, ၂၀၂၁ အောက်တိုဘာ ၁၅၊, Fortify Rights ၏ မှတ်တမ်းတွင် သိမ်းဆည်း။

40 Fortify Rights မှ B.F.နှင့် အင်တာဗျူး ၂၀၂၁ ဩဂုတ် ၁၂၊ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းဒုက္ခသည်များ ခံစားနေရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့်ပတ်သက်၍ပိုမိုသိရှိနိုင်ရန် Fortify Rights ၏ “Torture in my mind” ကြည့်ပါ။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ Genocide မှ လွတ်မြောက်ခဲ့သူများအတွက် စိတ်ကျန်းမာရေး ရရှိပိုင်ခွင့် ၂၀၂၀ ဒီဇင်ဘာ ၁၀ https://www.fortifyrights.org/mya-inv-rep-2020-12-10/.

လူသားချင်းစာနာသည့် အကူအညီလိုအပ်ချက်များသည် ဒုက္ခသည်များနှင့် ပဋိပက္ခနယ်မြေများမှ တိုက်ရိုက်ထိခိုက် ခံစားရသူများကို ကျော်လွန်ပြီး အကျုံးဝင်နေပြီဖြစ်သည်။ သန်း ၂၀ သောပြည်သူ (လူဦးရေ၏ ထက်ဝက်နီးပါး)တို့သည် ဆင်းရဲမွဲတေမှု သတ်မှတ်မျဉ်း (Poverty Line)အောက်တွင်သာရှိနေပြီး နိုင်ငံအနှံ့ ၃ သန်းကျော်သောပြည်သူများမှာ လတ်တစ်လောတွင် အရေးပေါ် လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ လိုအပ်လျက်ရှိကြောင်းကို UN က သတိပေးပြောကြားခဲ့သည်။[41]

WFP ၏ အဆိုအရ "မလုံခြုံမှု မြင့်မားလာခြင်းနှင့် ယိုယွင်းနေသောစီးပွားရေးသည် ဇွန်လနှင့် ဩဂုတ်လများ အကြား အသေအပျောက်များခဲ့သည့် COVID-19 တတိယလှိုင်းကို အလူးအလဲ ခံစားခဲ့ရသော ထိလွယ်ရှလွယ် အိမ်ထောင်စုများ၏ အစားအသောက် မဖူလုံမှုကို ပိုမိုဆိုးဝါးစေနိုင်သည်"ဟု ဆိုသည်။[42] WFP က 'ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အချိန်မီ ငွေကြေး အကူအညီပေးပို့ခြင်း'များကို ရိုက်ခတ်လျက်ရှိသည့် ကြံ့ရမြဲ Banking ဆိုင်ရာ အခက်အခဲများကိုလည်း ရည်ညွှန်းဖော်ပြခဲ့သည်။[43] WFP က ၂၀၂၁ ဒီဇင်ဘာတွင် အကျပ်အတည်းဒဏ်ကိုခံရသော ဒေသများရှိ WFP ၏ ငွေကြေးကို အခြေခံသော လုပ်ငန်းစဉ်များ အတွက် ရန်ပုံငွေမှာ ပြတ်တောက်သွားလိမ့်မည်ဖြစ်ပြီး ၁၇၅,၀၀၀ သော ပြည်သူများအပေါ် သက်ရောက်၊ ရိုက်ခတ်မည်ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့သည်။[44]

41 မြန်မာနိုင်ငံ U.N. Resident Coordinator, Andrew Kirkwood ၏ "Draft transcript of the briefing by Andrew Kirkwood, United Nations Resident Coordinator and Humanitarian Coordinator to the media," ၂၀၂၁ အောက်တိုဘာ ၁ ရက်၊, https://myanmar.un.org/en/149802-draft-transcript-briefing-andrew-kirkwood-united-nations-resident-coordinator-ai-and.

42 ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့, "Situation Report—မြန်မာ," ၂၀၂၁ အောက်တိုဘာ ၂၁ https://www.wfp.org/publications/situation-report-myanmar.

43 Ibid

44 Ibid.

III. နိုင်ငံတကာ ဥပဒေမူဘောင်

ကရင်နီပြည်နယ်၏ အခြေအနေကဲ့သို့ နိုင်ငံတကာနှင့် မသက်ဆိုင်သော(ပြည်တွင်း) လက်နက်ကိုင် ပဋိပက္ခများတွင် စစ်ပွဲဥပဒေ (war of law)အဖြစ် ရည်ညွှန်းလေ့ရှိသည့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေ (International Humanitarian Law) ကို ကျင့်သုံးသည်။[45] စစ်ရာဇဝတ်မှုများသည် နိုင်ငံတကာရာဇဝတ်ဥပဒေ (International Criminal Law)အောက်ရှိ ရာဇဝတ်သားတစ်ဦးတစ်ယောက်ချင်းစီကို ပြစ်ဒဏ်သင့်စေသည့် နိုင်ငံတကာဥပဒေကို ပြင်းထန်စွာ ချိုးဖောက်လိုက်ခြင်း ဖြစ်သည်။

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေအရ ပါဝင်ပတ်သက်သူ အားလုံးသည် အရပ်သားများ လုံခြုံရေးကို သေချာဆောင်ရွက်ရမည်။ ၁၉၄၉ ဂျနီဗာကွန်ဗင်းရှင်းနှင့် ယင်း၏ စည်းမျဉ်း protocol များသည် နိုင်ငံတစ်ကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေအတွက် မူဘောင်ကို ဖြစ်ပေါ်စေသည်။ နိုင်ငံတကာနှင့် မသက်ဆိုင်သည့် ပဋိပက္ခအခြေအနေများတွင် ၁၉၄၉ ဂျနီဗာကွန်ဗင်းရှင်း Common Article 3၊ ဂျနီဗာကွန်ဗင်းရှင်း ဖြည့်စွက် protocol II နှင့် နိုင်ငံတစ်ကာ ကျင့်ထုံးဥပဒေကို ကျင့်သုံးနိုင်ပါသည်။[46] ပြည်တွင်း၌ နေရပ်စွန့်ခွာ/ဖယ်ရှားခံရမှုနှင့် ပတ်သက်၍ ၁၉၉၈ UN ၏ လမ်းညွှန်မှု (UN Guiding Principles)သည် ပြည်တွင်းရှိ နေရပ်စွန့်ခွာ/ဖယ်ရှားခံရသော ဒုက္ခသည်များအတွက် အကာအကွယ်နှင့် လူသားချင်း စာနာသည့် အထောက်အပံ့များပေးအပ်ရန် လိုအပ်သော အနိမ့်ဆုံး စံနှုန်းများကို ခိုင်မာရှင်လင်းစွာ ဖော်ပြထားခြင်းဖြစ်သည်။[47]

45 နိုင်ငံတကာလူသားချင်းစာနာရေး ဥပဒေကို ဂျနီဗာ ကွန်ဗင့်ရှင်းက အကျယ်တဝင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံသည် Protocol II တွင်မပါသော်လည်း ဂျနီဗာ ကွန်ဗင့်ရှင်းကို နိုင်ငံတကာကျင့်ထုံးဥပဒေအဖြစ် သတ်မှတ်သောကြောင့် နိုင်ငံအားလုံးနှင့် သက်ဆိုင်သည်။ စစ်ပွဲကာလအတွင်း ပြည်သူများကို ကာကွယ်ခြင်းနှင့်ဆိုင်သော ဂျနီဗာ ကွန်ဗင့်ရှင်း (လေးကြိမ်မြောက် ဂျနီဗာ ကွန်ဗင့်ရှင်း)ကို ၁၉၄၉ သြဂုတ် ၁၂ တွင် ချမှတ်ခဲ့ပြီး75 U.N.T.S. 287 ၁၉၅၀ အောက်တိုဘာ ၂၁ တွင် ဥပဒေ အသက်ဝင်၊ ၁၉၉၂ သြဂုတ် ၁၂ တွင်မြန်မာမှ လက်မှတ်ရေးထိုး Art. 3[Common Article 3]။ ၁၉၄၉ သြဂုတ် ၁၂ ဂျနီဗာ ကွန်ဗင့်ရှင်းနှင့် နိုင်ငံတကာနှင့်မသက်ဆိုင်သော လက်နက်ကိုင် ပဋိပက္ခများ၏ ဒုက္ခသည်များကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ (Protocol II) 1125 U.N.T.S. 609 သည် ၁၉၇၈ ဒီဇင်ဘာ ၇ တွင် အသက်ဝင်ခဲ့ပြီး မြန်မာမှ လက်မှတ် မထိုးထားပေ။ "နိုင်ငံတကာနှင့်မသက်ဆိုင်သော လက်နက်ကိုင် ပဋိပက္ခ"တွင် ပါဝင်ရန် ပဋိပက္ခတွင် ပါဝင်သော လက်နက်ကိုင်အုပ်စုများသည် အနိမ့်ဆုံးသော စနစ်ကျကိုမှုကို ပြသရပြီး ထိတ်တိုက်တွေ့ဆုံမှုများမှာလည်း အနိမ့်ဆုံးသော ပြင်းထန်မှုအဆင့်သို့ ရောက်ရှိရမည်။ အရည်အချင်းပြည့်မီမှုကို သတ်မှတ်တိုင်းတာရန် စံနှုန်းများစွာရှိသော်လည်း ပါဝင်ပတ်သက်သူများနှင့် ထိပ်တိုက်တိုက်ခိုက်မှုအဆင့်ကို ကြည့်လျှင် ကရင်နီပြည်နယ်ရှိ ပဋိပက္ခသည် "နိုင်ငံတစ်ကာနှင့်မသက်ဆိုင်သော လက်နက်ကိုင် ပဋိပက္ခ"အဖြစ် အရည်အချင်းပြည့်မီနိုင်သည်။

46 Common Article 3 and Protocols I and II။ Protocol I နှင့် II တွင်ပါဝင်သော စံနှုန်းများသည် စာချုပ်ဆိုင်ရာ ကျင့်ဝတ်များထက် ကျင့်ထုံးဥပဒေ၏ အရေးကြီးသော ပြဋ္ဌာန်းချက်များကို ကိုယ်စားပြုသည်။ ရန်လိုပြုမှုများနှင့် ဆက်စပ်သော လူသားချင်းစာနာရေး ကျင့်ထုံးဥပဒေသည်ကို 'နိုင်ငံတကာနှင့် နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်နက်ကိုင် ပဋိပက္ခ' အခြေအနေ နှစ်ရပ်လုံးတွင် အတူတူအဖြစ် သတ်မှတ်သည်။ Common Article 3 က နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်နက်ကိုင်ပဋိပက္ခကို အဓိပ္ပာယ်ဖွင့်ဆိုင်ခြင်းမရှိသော်လည်း "ယခင် ယူဂိုဆလားဗီးယားအတွက် ဖွဲ့ခဲ့သည့် နိုင်ငံတကာရာဇဝတ် ခုံသမာဓိအဖွဲ့"က "နိုင်ငံအတွင်း အစိုးရအာဏာပိုင်များနှင့် စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အုပ်စုများကြား (သို့) ယင်းကဲ့သို့ အုပ်စုများအကြား အီလေးဆွဲရှည်ကြာနေသော လက်နက်ကိုင် အကြမ်းဖက်မှု" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ Prosecutor v. Dusko Tadic, International Criminal Tribunal for the former Yugoslavia (ICTY), Case No. IT-94-1-AR72, Decision (Appeals Chamber), October 2, 1995, စာပိုဒ်. 70 ကိုကြည့်ရန်။

47 ၂၀၀၃ ဇန်နဝါရီလ ပြည်တွင်းနေရာရွှေ့ပြောင်းမှုနှင့် ပတ်သက်သော UNOCHA ၏ လမ်းညွှန်မှု http://www.unhcr.org/protection/idps/43ce1cff2/guiding-principles-internal-displacement.html (accessed August 9, 2018), Principle 3(1), 18.

ကရင်နီပြည်နယ်တွင်လုပ်ရှားနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် လက်နက်ကိုင် ပဋိပက္ခနှင့် သက်ဆိုင်သူအားလုံးသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေပါ ပြဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။[48]

ကယ်ဆယ်ရေးလုပ်သားများကို လက်လွတ်စပယ်ဖမ်းစီးခြင်း၊ ချုပ်နှောင်ထိန်းသိမ်းထားခြင်း၊ သိုလှောင်ထားသည့် အကူအညီပစ္စည်းများကို ဖျက်စီးခြင်း၊ အကူအညီများကို ကန့်သတ်ပိတ်ဆို့ထားခြင်းနှင့် လိုအပ်နေသည့် ဒုက္ခသည် ပြည်သူများကို ကူညီလိုသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများအပေါ် ကန့်သတ်၊ တားမြစ်မှုများ ချမှတ်ခြင်းအားဖြင့် မြန်မာ့ စစ်အာဏာသိမ်းအစိုးရသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေအောက် ၎င်း၏ တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်သားများ လွတ်လပ်စွာ သွားလာပိုင်ခွင့်နှင့် အနှိပ်အကွပ်မှ ကင်းလွတ်ပိုင်ခွင့်

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်သားများ၏ လွတ်လပ်စွာ သွားလာခွင့်ကို ကာကွယ်ပေးသည်။[49] ပဋိပက္ခ တစ်ခု အတွင်း ပါဝင်ပတ်သက်သူအားလုံးသည် ကူညီကယ်ဆယ်ရေး လုပ်သားများ ဒုက္ခသည် ပြည်သူများဆီသို့ ချောမောစွာရောက်ရှိနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။[50] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် နိုင်ငံတကာ ပြည်သူ ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ် (ICCPR)တို့တွင် အာမခံထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသည်လည်း လက်လွတ်စပယ် ဖမ်းဆီးခြင်းနှင့် ချုပ်နှောင် ထိန်းသိမ်းခြင်းများမှ ကင်းလွတ်ပိုင်ခွင့်ကို ကာကွယ်ပေးသည်။[51] အနှိပ်အကွပ်မှ ကင်းလွတ် ပိုင်ခွင့် (right to liberty)သည် တချို့အခြေအနေများတွင် ကန့်သတ်ခံရနိုင်သော်လည်း လူသား ချင်းစာနာထောက်ထားသည့် အကူအညီများကို ဆောင်ရွက်ခြင်းကဲ့သို့သော နိုင်ငံတကာဥပဒေက ကာကွယ်ပေးထားသည့် လုပ်ငန်းများတွင်ပါဝင်၍ အဖမ်းခံရလျှင် အဆိုပါဖမ်းဆီးမှုသည် တရား မဝင်ပေ။[52] ထို့ကြောင့် ကရင်နီပြည်နယ်ရှိ လူသာချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်

48 အချုပ်အခြာအာဏာဆိုင်ရာမူမှ ဆင်းသက်သည့် နိုင်ငံ့တာဝန် .The Charter of the United Nations နှင့် the Statute of the International Court of Justice, 1945, Art. 2(1)။ Jean-Marie Henckaerts နှင့် Louise Doswald-Beck, နိုင်ငံတကာ လူသားချင်းစာနာရေး ကျင့်ထုံးဥပဒေ Vol. I, (Cambridge: Cambridge University Press, 2005)၊ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကုလသမဂ္ဂ လူသားချင်းစာနာရေးအရေးပေါ်အကူအညီဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ချက်အား ခိုင်မာစေခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ GA Res. 46/182, ၁၉၉၁ ဒီဇင်ဘာ ၁၉, Annex, စာပိုဒ် ၄ တို့ကိုလည်း ကြည့်ရန်။

49 ကြည့်ရန်၊ ICRC နိုင်ငံတကာကျင့်ထုံး ဥပဒေ, Rule 56, ဖြည့်စွက် Protocol I, Art. 71(3)ကို ကိုးကား

50 ကြည့်ရန်၊ Common Art 3။ ICRC, နိုင်ငံတကာကျင့်ထုံး ဥပဒေ, Rule 56 ကိုလည်းကြည့်ရန်

51 ၁၉၄၈ ဒီဇင်ဘာ ၁၀ တွင် ချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း, G.A. Res. 217A(III), U.N. Doc. A/810။ ၁၉၆၆ ဒီဇင်ဘာ ၁၆ တွင်ချမှတ်ခဲ့သော နိုင်ငံတကာ ပြည်သူရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ် (ICCPR)၊ G.A. Res. 2200A (XXI), U.N. Doc. A/6316

52 UN လူ့အခွင့်အရေးကော်မတီ၊ ပုဒ်မ ၉၊ လူပုဂ္ဂိုလ်အနှိပ်အကွပ်မှ လွတ်မြောက်ခြင်းနှင့် လုံခြုံရေး၊ အထွေထွေမှတ်ချက် No. 35, U.N. Doc. CCPR/C/ GC/35, December 16, 2014, စာပိုဒ် ၁၇.

ရေးလုပ်သားများကို ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ထိန်းသိမ်းခြင်းသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေ နှစ်ခုလုံးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းပင် ဖြစ်သည်။

Fortify Rights မှ အာဏာသိမ်းအစိုးရသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ဝင်ရောက်စွက်ဖက်ရန် ခရီးသွားခွင့်ပြုချက်ကို အုပ်ချုပ်ရေးဆိုင်ရာ အချိန်ဆွဲထားခြင်း (သို့) ငြင်းပယ်ခြင်းအားဖြင့် အသုံးချခဲ့ပုံကိုလည်း မှတ်တမ်းတင်ထားသည်။ လူသာချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် လွတ်လပ်စွာသွားလာခွင့်ကို အာဏာပိုင်များက ခွင့်ပြုသော ကယ်ဆယ်ရေး လုပ်သားများကိုသာပေးထားသော်လည်း နိုင်ငံတကာဥပဒေကမူ အာဏာပိုင်များကို ကယ်ဆယ်ရေး လုပ်သားများအား လက်လွတ်စပယ် ငြင်းပယ်၊ ကန့်သတ်ခြင်းမျိုးမှ တားမြစ်ထားသည်။[53] ထို့အပြင် အာဏာပိုင်များသည် "စစ်ရေးအရ အလွန်တရာမှအရေးကြီးသည့် လိုအပ်ချက်"မျိုးတွင်သာ ကယ်ဆယ်ရေးလုပ်သားများ၏ လွတ်လပ်စွာ သွားလာပိုင်ခွင့်ကို တားစီးနိုင်သည်။[54] အဆိုပါတားစီးမှုမျိုးသည် အကန့်အသတ်ရှိရမည်ဖြစ်ပြီး ယာယီအခိုက်အတန့် မျှလောက်သာ ချမှတ်နိုင်သည်။[55] အာဏာသိမ်းအစိုးရမှ အကောင်အထည်ဖော်ထားသည့် ခရီးသွားခွင့်ပြုချက်လုပ်ငန်းစဉ်သည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေကို ချိုးဖောက်လျက် ကယ်ဆယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်သားများ လွတ်လပ်စွာ သွားလာခွင့်အပေါ် အဟန့်အတား တစ်ရပ်အဖြစ် စင်စစ် ဆောင်ရွက်လျက်ရှိသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရန် ဆောင်ရွက်ခြင်း

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေအောက်တွင် လက်နက်ကိုင် ပဋိပက္ခနှင့် ပတ်သက်သူ အားလုံးသည် "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လွတ်လပ်စွာ စီဆင်းခွင့်ကို ထောက်ပံ့ကူညီရန်"နှင့် ကယ်ဆယ်ရေးလုပ်သားများသည် "ဒုက္ခသည်များဆီ အလျင်အမြန်၊ နှောင့်နှေးမှု မရှိ ရောက်ရှိ" နိုင်အောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။[56]

Fortify Rights သည် မြန်မာစစ်အာဏာသိမ်းအစိုးရ၏ သိုလှောင်ထားသည့် အကူအညီ ပစ္စည်းများကို ဖျက်စီးခဲ့ပုံနှင့် စစ်တပ် စစ်ဆေးရေးဂိတ်များတွင် အကူအညီပစ္စည်းများကို ပိတ်ဆို့ (သို့) ကန့်သတ်ပုံတို့ကို မှတ်တမ်းတင်ခဲ့သည်။ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေ

53 ကြည့်ရန်၊ ICRC, နိုင်ငံတကာကျင့်ထုံး ဥပဒေ, Rule 56, ဖြည့်စွက် Protocol I, Art. 71(3)ကို ကိုးကား

54 ကြည့်ရန်၊ ICRC, နိုင်ငံတကာကျင့်ထုံး ဥပဒေ, Rule 56, ဖြည့်စွက် Protocol I, Art. 71(3)ကို ကိုးကား

55 Ibid. ICRC, ICRC Q&A and Lexicon on Humanitarian Access. ကိုလည်း ကြည့်ရန်

56 လမ်းညွှန်မှု ၂၅(၃)၊ ICRC နိုင်ငံတကာကျင့်ထုံး ဥပဒေ, Rule 55။ ဤမူများကိုလည်း နိုင်ငံတကာ နိုင်ငံတကာ ကျင့်ထုံး ဥပဒေ၏ အစိတ်အပိုင်းအဖြစ် မှတ်ယူသည်။ Rebecca Barber၊ လူသားချင်းစာနာရေးအကူအညီကို ထောက်ပံ့ကူညီခြင်း။ နိုင်ငံတကာ ကြက်ခြေနီ သုံးသတ်ချက်ပါ နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေး ဥပဒေ. Vol. 91, No. 874, June 2009, p. 387.

ကို ပြင်းထန်စွာ ချိုးဖောက်လိုက်ခြင်းပင် ဖြစ်သည်။ ဥပမာ၊ အရပ်သားများ ငတ်မွတ်စေရန် စစ်ရေးနည်းလမ်းတစ်ခု အဖြစ် "ကယ်ဆယ်ရေးပစ္စည်းများကို တမင်ဟန့်တား ကြန့်ကြာစေခြင်း" အား စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။[57] အာဏာပိုင်များက လူသားချင်း စာနာထောက်ထားသည့် အကူအညီပစ္စည်းများနှင့် ပေးဝေခြင်းများကို ထိန်းချုပ်သည့် အရေးယူ ဆောက်ရွက်မှုများကို အကောင်အထည် ဖော်နိုင်သော်လည်း နိုင်ငံတကာဥပဒေကမူ အကူအညီပစ္စည်းများ ပေးဝေခြင်းအား တမင်နှောင့်နှေးစေသည့် လုပ်ဆောင်ချက်များကို တားမြစ်သည်။[58] လူသားချင်း စာနာထောက်ထားသည့် လုပ်ငန်းစဉ်များကို ထိန်းချုပ်ရန် အာဏာပိုင်များက ချမှတ်သော မည့်သည့် အရေးယူဆောင်ရွက်ချက်များမဆို အကူအညီပစ္စည်းများပေးပို့ရာတွင် လွန်ကဲသည် ကြန့်ကြာမှုများ၊ အရင်းအမြစ်များအား ထိရောက်စွာအသုံးချမှုကို နှောင့်နှေးစေခြင်းများ (သို့) အကောင်အထည်ပေါ်ဆောက်ရွက်မှုကို ပျက်ပြားစေခြင်းများ မဖြစ်ပေါ်စေရ။[59] အရပ်သားပြည်သူများအပေါ် မမျှတသော ရိုက်ခက်မှုများဖြစ်ပေါ်စေသည့် (သို့) ငတ်မွတ်စေရန်ဆောင်ရွက်သည့် (သို့) အရပ်သားပြည်သူများ အသက်ရှင်ရပ်တည်ရန် မရှိမဖြစ်လိုအပ်သော အကူအညီများကို ငြင်းပယ်သည့် အရေးယူဆောင်ရွက်မှုများသည် စစ်ပွဲဥပဒေ (War of Law)ကို တိုက်ရိုက် ဆန့်ကျင့်ချိုးဖောက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုများအဖြစ် အရေးယူခြင်း ခံရနိုင်သည်။

57 ၁၉၉၈ ဇူလိုင် ၁၇ က ချမှတ်ထားသော နိုင်ငံတကာ ရာဇဝတ်ခုံရုံး (Rome Statute), 2187 U.N.T.S. 90, U.N. Doc. A/CONF.183/9 (2002), Art. 8(2)(b)(xxv)။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ ဆုံးဖြတ်ချက် ၇၅၈ Bosnia နှင့် Herzegovina (8 June), U.N. Doc. S/RES/758၊ ၁၉၉၂ ဇွန်လ ၈ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်-၇၆၁ Bosnia နှင့် Herzegovina (ဇွန် ၂၉) U.N. Doc. S/RES/761၊ ၁၉၉၂ ဇွန် ၂၉ ကုလသမဂ္ဂလုံခြုံရေးကောင်စီ- ဆုံးဖြတ်ချက် ၈၃၆ Bosnia နှင့် Herzegovina (4 June), U.N. Doc. S/RES/836၊ ၁၉၉၃ ဇွန်လ ၄ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ- ဆုံးဖြတ်ချက် ၉၄၅, ကုလသမဂ္ဂ အန်ဂိုလာ စီစစ်ရေး မစ်ရှင် II ၏ လုပ်ပိုင်ခွင့် တိုးချဲ့ခြင်း U.N. Doc. S/RES/945၊ ၁၉၉၄ စက်တင်ဘာ ၂၉ ကုလသမဂ္ဂလုံခြုံရေးကောင်စီ- ဆုံးဖြတ်ချက် ၁၁၃၂, Sierra Leone ရှိအခြေအနေ U.N. Doc. S/RES/1132၊ ၁၉၉၇ အောက်တိုဘာ ၁၈ ကုလသမဂ္ဂအထွေထွေ ညီလာခံ- ဆုံးဖြတ်ချက် ၄၆/၂၄၂, Bosnia နှင့် Herzegovina အခြေအနေ U.N. Doc. A/RES/46/242၊ ၁၉၉၂ သြဂုတ် ၂၅ ကုလသမဂ္ဂ အထွေထွေ ညီလာခံ- ဆုံးဖြတ်ချက် ၅၂/၁၄၅, အာဖဂနစ္စတန်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ U.N. Doc. A/52/644/Add.3၊ ၁၉၉၇ ဒီဇင်ဘာ ၁၂၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်- ဆုံးဖြတ်ချက် ၁၉၉၅/၇၂, ယခင်ယူဂိုဆလားဗီးယားနိုင်ငံ နယ်နမိတ်အတွင်း လူ့အခွင့်အရေးအခြေအနေ U.N. Doc. E/CN.4/RES/1994/72၊ ၁၉၉၄ မတ် ၉ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်- ဆုံးဖြတ်ချက် - ၁၉၉၅/၇၇, ဆူဒန်၏ လူ့အခွင့်အရေးအခြေအနေ U.N. Doc. E/CN.4/1995/77၊ ၁၉၉၅ မတ် ၈ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်- ဆုံးဖြတ်ချက် ၁၉၉၆/၇၃ ဆူဒန်၏ လူ့အခွင့်အရေးအခြေအနေ U.N. Doc. E/CN.4/1996/73, April 23, 1996 အပါအဝင် ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် ကူညီကယ်ဆယ်ရေးနှောင့်နှေးစေမှုကိုရှုံ့ချက်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် များကိုလည်းကြည့်ရန်

58 ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် သဘောတူညီမှုသည် နိုင်ငံ့အချုပ်ခြာအာဏာနှင့် အခြေခံအားဖြင့် ဆက်စပ်နေသည်။ နိုင်ငံတကာ ကြက်ခြေနီအသင်း၏ မှတ်ချက်အရ "နိုင်ငံတကာနှင့် မသက်ဆိုင်သည့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသည့်နေမြေပေါ်ရှိနိုင်ငံမှ ခွင့်ပြုချက်ယူရပြီး ၎င်းမှာ နိုင်ငံအနေဖြင့် ပြိုင်ဖက်အဖွဲ့အား ထိန်းချုပ်မှုများဆုံးရှုံးလိုက်ရသည့် နယ်မြေပေါ်တွင် တာဝန်ယူဆောင်ရွက်မည့် ကယ်ဆယ်ရေးလုပ်ငန်းနှင့်လည်း ဆက်စပ်နေသည်။ ICRC နိုင်ငံတကာကျင့်ထုံး ဥပဒေ Rule 55, p. 198 ကိုကြည့်ရန်

59 ကြည့်ရန်- ICRC, Humanitarian Access ဆိုင်ရာ ICRC အမေး၊အဖြေနှင့် ဝေါဟာရ အသုံးအနှုန်းများ Vol. 96, No. 893, 2014, p. 368-9, https://www.icrc.org/en/international-review/article/icrc-qa-and-lexicon-humanitarian-access (accessed August 9, 2018).

အကြံပြုချက်များ

မြန်မာစစ်အာဏာသိမ်းအစိုးရအား အကြံပြုခြင်း

- မြန်မာပြည်သူများ၏ အချုပ်ခြာအာဏာဆိုင်ရာ သဘောဆန္ဒကို လေးစားရန်၊ ချက်ချင်း နှုတ်ထွက်ပြီး နိုင်ငံရေးအာဏာကို ၂၀၂၀ နိုင်ငံတော် ရွေးကောက်ပွဲတွင် တရားဝင် အရွေးခံခဲ့ရသူများအား လွှဲပြောင်းပေးရန် ။
- အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုကို ရပ်တန့်ရန်၊ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားရေး ဥပဒေများကို ချိုးဖောက်ခြင်းအား ရှောင်ရှားရန်နှင့် အရပ်သားပြည်သူများ အစောင့်အရှောက်အကာအကွယ်ရရှိအောင် ဆောင်ရွက်ရန် ။
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ဒုက္ခသည်များရှိရာ နေရာအားလုံးကို သွားရောက်ဆက်သွယ်နိုင်သည့် လုံခြုံခိုင်မြဲပြီး အချုပ်အနှောင် အကန့်အသတ်မရှိသော လမ်းကြောင်း (access) ကို ထောက်ပံ့ပေးရန် ။
- မြန်မာနိုင်ငံအတွင်း စွဲဆိုထားသည့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများ၊ အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) နှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရန် ။
- နိုင်ငံတကာ ဥပဒေချိုးဖောက်မှုကို ဖြေရှင်းရန် UN အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) နှင့် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်တို့ပါဝင်သည့် ခိုင်မာပြီး သီးခြားလွတ်လပ်သော အကြံပေးရေးနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့မှ ပေးအပ်သော အကြံအညာဏ်များကို အကောင်အထည်ဖော်ရန် ။

အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အကြံပြုခြင်း

- မြန်မာနိုင်ငံအတွင်းလိုအပ်နေသည့် ပြည်သူများအား နယ်စပ်ဖြတ် လူသားချင်းစာနာသည့် အသက်ကယ် အကူအညီများကို ထောက်ခံ၊ ခွင့်ပြုရန် ။
- မြန်မာနိုင်ငံအတွင်းလိုအပ်နေသည့် ဒုက္ခသည်များကို နယ်စည်းဖြတ်အကူအညီများပေးအပ်မည့် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများအား ငွေကြေး၊ နည်းပညာနှင့် advocacy အကူအညီများပေးအပ်ရန် ။
- မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ခဲ့သည့် ခေါင်းဆောင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် နှင့် မြန်မာ့အာဏာသိမ်းစစ်အစိုးရ၏ နိုင်ငံရေးနှင့် စီပွားရေးအရ ချိတ်ဆက် ဆောင်ရွက်မှုအပါအဝင် နိုင်ငံရေးအရ တရားဝင်မှုရရှိနိုင်သည့် နည်းလမ်းအားလုံးကို ပယ်ချရန် ။

- နိုင်ငံတကာစစ်ရာဇဝတ်ခုံရုံးသို့ မြန်မာနိုင်ငံကို လွှဲပြောင်းပေးရေးကို ထောက်ခံရန် UN လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအား စုပေါင်း၍သော်လည်းကောင်း နှစ်နိုင်ငံအရသော် လည်းကောင်း အရှိန်မြင့် အားပေးတိုက်တွန်းရန် ။
- မြန်မာနိုင်ငံနှင့် မြန်မာစစ်တပ်အား လက်နက်ရောင်းချမှုပိတ်ပင်ခြင်းနှင့် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ ရောင်းချရာမှ ဝင်ငွေနှင့် လက်နက်ရရှိမှုအပါအဝင် မြန်မာစစ်တပ်၏ ဘဏ္ဍာဝင်ငွေများရရှိသည့် လမ်းကြောင်းများကို ပိတ်ပင်နိုင်ရေးအတွက် စစ်တပ်ပိုင်လုပ်ငန်းများကို ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် ။

အမျိုးသားညီညွတ်ရေးအစိုး(NUG)နှင့် ကရင်နီပြည်နယ်ရှိ သက်ဆိုင်ရာအစိုးရမဟုတ်သည့် အဖွဲ့စည်းများအား အကြံပေးခြင်း

- မြန်မာနိုင်ငံရှိဒုက္ခသည် အားလုံးသည် အစားအစာ၊ ကျန်းမာရေး၊ နေအိမ်၊ ရေနှင့် အိမ်သာများရရှိပိုင်ခွင့် အပါအဝင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေး ဥပဒေများက အာမခံသည့် အခွင့်အရေးနှင့် အကာအကွယ်ကို ရရှိနိုင်အောင် ဆောင်ရွက်ပေးရန် ။
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်း၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးနေသာအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ဒုက္ခသည်များရှိရာ နေရာအားလုံးကို သွားရောက်ဆက်သွယ်နိုင်သည့် လုံခြုံခိုင်မြဲပြီး အချုပ်အနှောင် အကန့်အသတ်မရှိသော လမ်းကြောင်း (access)ကို ထောက်ပံ့ပေးရန် ။
- နိုင်ငံတကာ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ယန္တရားများ၊ မြန်မာနိုင်ငံအတွင်း ကရင်နီပြည်နယ်နှင့် အခြားနေရာများတွင် ကျူးလွန်ထားသည်ဆိုသော ရာဇဝတ်မှုများအပေါ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့် အပြည့်အဝ ပူပေါင်းဆောင်ရွက်ရန် ။
- UN ၏ အထူးလုပ်ငန်းစဉ်များ၊ အထူးသဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဒုက္ခသည်များဆိုင်ရာလူ့အခွင့်အရေး ကိုယ့်စာလှယ်တို့ကို အားပေးကူညီရန် ။
- နိုင်ငံတကာရာဇဝတ်ခုံရုံး၏ Rome Statute၊ နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့် အခြားနိုင်ငံတကာ သဘောတူညီမှုစာချုပ်များအောက် တာဝန်များကို လက်ခံကျင့်သုံးရန် ။

FORTIFY RIGHTS

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ မြန်မာနိုင်ငံရှိ စက်ဆုပ်ဖွယ် အာဏာသိမ်းမှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် မြန်မာအာဏာသိမ်းစစ်အစိုးရသည် နိုင်ငံအနှံ့ အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ပြီး သိန်းပေါင်းများစွာကို အိုးမဲ့အိမ်မဲ့ ဖြစ်စေ(နေရပ်စွန့်ခွာစေ)ခဲ့သည်။ ကယားပြည်နယ်ဟု သိကြသည့် ကရင်နီပြည်နယ်တွင် လိုအပ်နေသည့် အရပ်သားပြည်သူများထံသို့ လူသားချင်းစာနာသည့် အကူအညီပစ္စည်းများ ရောက်ရှိအောင်ဆောင်ရွက်ရမည့် အစား အာဏာသိမ်းအစိုးရသည် ကယ်ဆယ်ရေးလုပ်သားများကို အကြောင်းမဲ့ ဖမ်းစီးခြင်း၊ အရပ်သားပြည်သူများသို့လှောင်ထားသည့် အစားအသောက်များနှင့် စစ်တပ်နှင့် မသက်ဆိုင်သောပစ္စည်းများကို ဖျက်စီးခြင်း၊ စစ်တပ်စစ်ဆေးရေး ဂိတ်များတွင် အစားအသောက်နှင့် ဆေးဝါးအထောက်အပံ့များကို တားဆီးခြင်းနှင့် ဒေသခံ၊ နိုင်ငံတွင်း၊ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများအတွက် အုပ်ချုပ်ရေးခွင့်ပြုချက်များကို အချိန်ဆွဲထားခြင်း (သို့) ငြင်းပယ်ခြင်းများ ပြုလုပ်ခဲ့သည်။ ဤ အနှစ်ချုပ်အစီရင်ခံစာက ဤကဲ့သို့ ဆက်လက်လုပ်ဆောင်နေမှုသည် စစ်ရာဇဝတ်မှုမြောက်နိုင်ကြောင်း တွေ့ရှိထားသည်။

စစ်တပ်ဦးဆောင်သောတိုက်ခိုက်မှုများ တိုးလာပြီး ယုတ်မာရက်စက်သည့် ရာဇဝတ်မှုများအတွက် အပြစ်မှကင်းလွတ်နေခြင်းသည် ဆက်လက် အမြစ်တွယ်လျက် ရှိသော်လည်း အာဏာသိမ်းစစ်အစိုးရမှာ မည်သည့် ပြစ်မှုမြောက်သည့် လုပ်ရပ်ကိုမဆို ငြင်းဆန်နေဆဲဖြစ်သည်။

နိုင်ငံအတွင်း အိုးအိမ်စွန့်ခွာခဲ့ရသည့် ပြည်သူများစွာအတွက် အသက်ကယ်ဆယ်ရေး အကူအညီများပေးအပ်နိုင်ရန် ဤအစီအရင်ခံစာက ထိုင်း၊ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်တို့အား မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို တိုက်ရိုက်သော်လည်းကောင်း ရပ်ရွာအခြေပြုမိတ်ဖက် အဖွဲ့အစည်းများမှ တစ်ဆင့်သော်လည်းကောင်း ပေးအပ်နိုင်ရေးအတွက် အဖွဲ့အစည်း အေဂျင်စီများကို ခွင့်ပြုပေးအပ်ဖို့ တိုက်တွန်းတောင်းဆိုထားပါသည်။

investigate
engage
strengthen

fortifyrights.org

fortify.rights@fortifyrights.org
Twitter: @FortifyRights
Facebook: fortifyrights